# ကြေးမုံ
# The Mirror

၁၃၇၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်၊ တနင်္ဂနွေနေ့၊ (19-10-2008) (၅၈၃၆)


| နိုင်ငံရေး ဦးတည်ချက် (၄)ရပ် | စီးပွားရေး ဦးတည်ချက် (၄)ရပ် | လူမှုရေး ဦးတည်ချက် (၄)ရပ် |
|---|---|---|
| ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး | ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး |
| ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး | ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး | ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး |
| ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး | ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး |
| ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | ✳ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

# (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

## တတိယနေ့ပြိုင်ပွဲများ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပ

နေပြည်တော်　　အောက်တိုဘာ　　၁၈

**(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ တတိယနေ့ပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတို့၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။**



**အသက် (၁၀)နှစ်မှ (၁၅)နှစ်အထိ မဟာဂီတ အခြေခံပညာအဆင့် အမျိုးသမီးအဆိုပြိုင်ပွဲတွင် ချင်းပြည်နယ်မှ မမေသူသူထွန်း ပါဝင်ယှဉ်ပြိုင်စဉ်။** (သတင်းစဉ်)

အဆိုပါ ပြိုင်ပွဲအသီးသီးသို့ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီး၊ ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် ဇနီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ ကြီးကြပ်သူများနှင့် ပြိုင်ပွဲဝင်များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်ကို လေးစားတန်ဖိုးထားကြသော ပြည်သူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**



**ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား အကပြိုင်ပွဲတွင် ကယားပြည်နယ်မှ မောင်အောင်နိုင်ဦး ပါဝင်ယှဉ်ပြိုင်စဉ်။** (သတင်းစဉ်)

# မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုမည့် မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဆည်တမံ အစုအဖွဲ့များ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ
ခင်မောင်သန်း(စက်မှု)

**မန္တလေးတိုင်း မိတ္ထီလာလွင်ပြင်သည် တစ်နှစ်လျှင် မိုးရေချိန်လက်မ ၃၀ ခန့်သာ ရွာသွန်းသောကြောင့် စိုက်ပျိုးရေအခက်အခဲနှင့် နှစ်စဉ်ကြုံတွေ့ရသည်။ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်လာပြီး စိုက်ပျိုးရေနှင့် သောက်သုံးရေ ဖူလုံစေရန်အတွက် ဆည်မြောင်းတာတမံ စီမံကိန်းအစုအဖွဲ့များကို တည်ဆောက်ပေးရန် လမ်းညွှန်ခဲ့သည်။**

မိတ္ထီလာကန်ကြီးသည် ရေဆင်းဧရိယာ စတုရန်းမိုင် ၂၄၀ ရှိသည်။ ရေကန်တွင်း နုန်းကျဆင်းမှုကြောင့် ကန်၏အထက်ဘက်တွင် ရေဆင်းဧရိယာ စတုရန်းမိုင် ၁၅၀ ရှိသော မုန်တိုင်ဆည်ကို ၁၉၆၆ ခုနှစ်က တည်ဆောက်ခဲ့သည်။ ဤသို့ မုန်တိုင်ဆည် တည်ဆောက်ပြီးစီးခဲ့သည့်အတွက် မိတ္ထီလာကန်ကြီးအတွင်း နုန်းကျဆင်းမှု လျော့နည်းခဲ့သည်။

၂၀၀၄ ခုနှစ်က မုန်တိုင်ဆည် ရေသိုလှောင်နိုင်မှုကိုပြန်လည်တွက်ချက်ခဲ့ကြရာ ရေသိုလှောင်နိုင်မှု ၉၀၄၇ ဧကပေ လျော့နည်းသွားသည်ကို တွေ့ရသည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❐**

**မိတ္ထီလာမြို့နယ်ရှိ ရှမ်းမငယ် ရေလှောင်တမံကိုတွေ့ရစဉ်။**



ကြေးမုံ
The Mirror
၁၉-၁၀-၂၀၀၈
(တနင်္ဂနွေနေ့)

## သတင်းအချက်အလက် နည်းပညာကျွမ်းကျင်မှုမြှင့်တင်

မျက်မှောက်ခေတ်သည် သတင်းအချက်အလက် နည်းပညာခေတ်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက နိုင်ငံ၏ အနာဂတ်အတွက် အမျိုးသားပညာရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအမံများ ချမှတ်ဖော်ဆောင်နေသည်။

နိုင်ငံအတွင်း လူငယ်လူရွယ်များ ပညာသင်ကြားနိုင်မှု အခွင့်အလမ်းများ တစ်ပြေးညီ ရရှိစေရန် အထူးဖွံ့ဖြိုးရေး ဒေသကြီး ၂၄ခု သတ်မှတ်ပြီး ဒေသတိုင်း၌ တက္ကသိုလ်တစ်ခု၊ နည်းပညာတက္ကသိုလ်တစ်ခုနှင့် ကွန်ပျူတာတက္ကသိုလ်တစ်ခုစီ ဖွင့်လှစ်ပေးထားသည်။ ယခုအခါ ဒေသအသီးသီး၌ အဆင့်မြင့်ပညာနှင့် ဘွဲ့လွန်အဆင့် ပညာများကို လွယ်လင့်တကူ သင်ကြားခွင့် ရရှိနေကြပြီဖြစ်သည်။

ယခုအခါ နိုင်ငံတစ်ဝန်း၌ ကွန်ပျူတာတက္ကသိုလ် ၂၅ ခုမှ ကွန်ပျူတာဘွဲ့ရ ကျောင်းသား၊ ကျောင်းသူ ၆၀၀၀ ခန့်ကို နှစ်စဉ်မွေးထုတ်ပေးနိုင်နေပြီဖြစ်သည်။ ခေတ်နှင့်အညီ ပြောင်းလဲဖြစ်ပေါ်နေသည့် နည်းပညာရပ်များကို အချိန်နှင့်တစ်ပြေးညီ လေ့လာသင်ယူပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့အသုံးချနိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်သည်။

ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ရှိ အိန္ဒိယ-မြန်မာ သတင်းအချက်အလက် နည်းပညာကျွမ်းကျင်မှု မြှင့်တင်ရေးသင်တန်းဌာနကို အောက်တိုဘာလ ၁၆ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ အိန္ဒိယသမ္မတနိုင်ငံအစိုးရ၏ အကူအညီဖြင့် ဂြိုဟ်တုဆက်သွယ်ရေးစက်ပစ္စည်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ထားပြီး နည်းပညာအပါအဝင် အဆင့်မြင့်ပညာရပ်များ ပူးပေါင်းလေ့ကျင့် သင်ကြားပေးနိုင်မည်ဖြစ်သည်။

အဆိုပါ စီမံကိန်း၏ ဗဟိုဌာနကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင်သာမက နယ်စခန်း၁၀ခုကိုပါ ပထမအဆင့်အနေဖြင့် တည်ထောင်ထားသည်။ ကွန်ပျူတာတက္ကသိုလ်များမှ နှစ်စဉ်မွေးထုတ်လိုက်သော ဘွဲ့ရများ၏ အရည်အသွေးကို ပိုမိုတောက်ပြောင်လာစေရန် လေ့ကျင့်ပေးနိုင်မည်ဖြစ်သည်။ ထို့အပြင် ဗဟိုသင်တန်းခန်းမနှင့် ဒေသအသီးသီးရှိ နယ်စခန်း ၁၀ ခုကိုပါ အသုံးချပြီး အဝေးရောက်ကျန်းမာရေးကုသမှုများ၊ အဝေးရောက်သင်ကြားရေး စနစ်များနှင့် ကျေးလက်ဒေသပါမကျန် ခေတ်မီပညာရေးစနစ်များကို လေ့လာနိုင်မည်ဖြစ်သည်။

ယခုကဲ့သို့ အိန္ဒိယ-မြန်မာ သတင်းအချက်အလက် နည်းပညာကျွမ်းကျင်မှု မြှင့်တင်ရေးသင်တန်းဌာနကို ဖွင့်လှစ်တည်ထောင်နိုင်ခြင်းသည် မြန်မာနိုင်ငံတွင် သတင်းအချက်အလက်နည်းပညာ ကျွမ်းကျင်မှုကို ပိုမိုမြှင့်တင်နိုင်ရုံသာမက ထူးချွန်ထက်မြက်သည့် ကျွမ်းကျင်ပညာရှင်များ၏ ကြိုးပမ်းမှုဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်အကျိုးပြု ဆောင်ရွက်သွားနိုင်ကြမည်ဖြစ်ပါသည်။ ။

## အုတ်ဖိုမြို့၌ မြတ်ဆရာပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၈**

အုတ်ဖိုမြို့ အထကတွင် ပညာသင်ကြားပေးခဲ့သော အသက် (၆၀)နှင့်အထက် ဆရာ၊ ဆရာမများအား ဒသမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် အုတ်ဖိုမြို့နယ်ရှိ ကျောင်းများမှ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူများ၊ ဘက်စုံပညာထူးချွန်ဆုများအား အုတ်ဖိုမြို့နယ်အသင်း (ရန်ကုန်)မှ ပညာရည်ချွန်ဆုပေးပွဲကို နိုဝင်ဘာ ၉ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်။ သုံးနှစ်တစ်ကြိမ် အုတ်ဖိုမြတ်စွယ်တော် လှည့်လည်ပူဇော်ပွဲ၊ မြတ်ဆရာပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲသို့ သွားရောက်ရန် မော်တော်ယာဉ်များ နိုဝင်ဘာ ၈ ရက် မွန်းတည့် ၁၂ နာရီတွင် အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်) အသင်းရုံးရှေ့မှ ထွက်ပါမည်။ အုတ်ဖိုမြို့သို့ လိုက်ပါလိုသူများနှင့် မြတ်ဆရာပူဇော်ပွဲတွင် ပါဝင်လှူဒါန်း ကုသိုလ်ယူလိုသူများသည် ဦးသန်းထွေး ဖုန်း - ၆၅၀၁၉၇၊ ဦးတင်ညို ဖုန်း-၂၁၄၅၉၀၊ ဦးခင်မောင်ဇော် ဖုန်း - ၆၆၂၅၀၇၊ ဦးပေါ်အေး ဖုန်း-၅၅၅၈၉၅ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



### ကျင်းပ

**(၂၂)ကြိမ်မြောက်မဟာမဲခေါင်ဒေသခွဲ(၆)နိုင်ငံ၏ ခရီးသွားလုပ်ငန်းအဖွဲ့များ အစည်းအဝေးကို နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပစဉ်။**

(သတင်းစဉ်)

## (၂၂)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ(၆)နိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၈

**(၂၂)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ(၆)နိုင်ငံ၏ ခရီးသွားလုပ်ငန်းအဖွဲ့များ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ရွှေနန်းတော် ဟိုတယ်၌ ကျင်းပသည်။**

ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသံအမတ်ကြီး H.E Mr. Kouily A Souphakhet နှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံသံအမတ်ကြီး H.E Mr. Tran Van Tung၊ ထိုင်းနိုင်ငံခရီးသွားလုပ်ငန်းနှင့်အားကစားဝန်ကြီးဌာနမှ Permanent Secretary, Dr.Sasithara Pichaichannarong၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ Minister, Mr. Prasas Prasasvinitchai၊မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ကောင်စစ်ဝန် Mr. Wang Zongying နှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နှင့်တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ယူနန်ပြည်နယ်နှင့်ဂွမ်စီပြည်နယ်တို့မှ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ဈေးကွက်မြှင့်တင်ရေး ကော်မတီတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် ထိုင်းနိုင်ငံခရီးသွားလုပ်ငန်းနှင့်အားကစားဝန်ကြီးဌာနမှ Permanent Secretary, Dr. Sasithara Pichaichannarong တို့က အမှာစကားပြောကြားကြ၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် အစည်းအဝေးကိုနံနက် ၉ နာရီတွင် ဆက်လက်ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က သဘာပတိအဖြစ်လည်းကောင်း၊ ထိုင်းနိုင်ငံခရီးသွားလုပ်ငန်းနှင့်အားကစားဝန်ကြီးဌာနမှ Permanent Secretary, Dr.Sasithara Pichaichannarong က တွဲဖက်သဘာပတိအဖြစ်လည်းကောင်း ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင်ယခင်ကျင်းပပြီးစီးခဲ့သော တတိယအကြိမ် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး၊ ပထမအကြိမ် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေး၊ (၂၁)ကြိမ်မြောက်မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်း အဖွဲ့အစည်းအဝေးများ၌ဆွေးနွေးခဲ့ကြသော မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စများ၊မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်း လက်စွဲချမှတ်ရေး၊ ၂၀၀၉-၂၀၁၀ပြည့်နှစ် မဟာမဲခေါင်ခရီးသွားနှစ် ကျင်းပရေး၊ မဲခေါင်ခရီးသွားလုပ်ငန်း ညှိနှိုင်းရေးရုံးဖွဲ့စည်းပုံ၊ အဖွဲ့ဝင်နိုင်ငံ အသီးသီး၏ ဦးစားပေးစီမံကိန်းများ အကောင်အထည်ဖော်မှုအခြေအနေတို့ကို ဆွေးနွေးကြပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စွမ်းရည်မြှင့်သင်တန်း(၁/၂၀၀၈)သင်တန်းဖွင့်

**နေပြည်တော် အောက်တိုဘာ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာနပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စွမ်းရည်မြှင့်သင်တန်း (၁/၂၀၀၈) သင်တန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၆ ရက် နံနက် ၈ နာရီတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ အခမ်းအနားသို့ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ အရာရှိများနှင့် သင်တန်းသား၊ သင်တန်းသူ ၁၂ ဦးတို့ တက်ရောက်ကြသည်။

**ဖွင့်လှစ်**

အဆိုပါ သင်တန်းကို အောက်တိုဘာ ၆ ရက်မှ ၁၉ ရက်အထိ ၁၄ ရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။ (ပြန်/ဆက်)

## မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် သက်ကြီးပူဇော်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၈**

မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်၏သက်ကြီးဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၆ ရက် နံနက် ၉ နာရီက အောင်ဆန်းအားကစားပြိုင်ဝင်းအရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံအလေးမလေ့ကျင့်ရုံ၌ ကျင်းပသည်။ **(ဝဲပုံ)**

အခမ်းအနားသို့ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌဦးဝင်းလွင်၊ ဒုတိယဥက္ကဋ္ဌများ၊ တစ်ချိန်က မြန်မာ့ဂုဏ်ဆောင် အလေးမအားကစားသမားများ၊ မျိုးဆက်သစ်အလေးမမောင်မယ်များ၊ ဆရာ၊ ဆရာမများနှင့် အားကစားဝါသနာရှင်များတက်ရောက်ကြသည်။ အစီအစဉ်အရ ဦးစိုးဝင်း (တက္ကသိုလ်စိုးဝင်း)က နိုင်ငံ့ဂုဏ်ဆောင် သက်ကြီးပုဂ္ဂိုလ်များနှင့် မိတ်ဆက်ပေးသည်။

ထို့နောက်မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းလွင်က သက်ကြီးပုဂ္ဂိုလ်များအား ဂုဏ်ပြုပူဇော်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသူများက သက်ကြီးပုဂ္ဂိုလ်များအား ကန်တော့ပြီး လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။ (ကြေးမုံ)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ရခိုင်ပြည်နယ် မောင်တောခရိုင် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ မောင်တော-ကျီးကန်းပြင်-ကြိမ်ချောင်း(အောင်စစ်ပြင်) လမ်းပိုင်းအခြေအနေများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ၁၆ရက် နံနက် ၈နာရီ မိနစ်၂၀တွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာ၍ စစ်တွေမြို့မှတစ်ဆင့် ဘူးသီးတောင်မြို့သို့ရောက်ရှိပြီး ဘူးသီးတောင်မြို့မှ ဘူးသီးတောင်-ကျီးကန်းပြင်-ကြိမ်ချောင်း(အောင်စစ်ပြင်) လမ်းအတိုင်း မော်တော်ယာဉ်များဖြင့်ထွက်ခွာကာ လမ်းဘေး ဝဲ/ယာရှိ အောင်မြင်ဖြစ်ထွန်းနေသော စပါးစိုက်ခင်းများ၊ ရော်ဘာစိုက်ခင်းများနှင့် လမ်းတစ်လျှောက် လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့သည် မောင်တောမြို့နယ် အောင်စစ်ပြင်ကျေးရွာ ကားလမ်းဆုံ၌ မောင်တောခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဆွေညွန့်က အောင်စစ်ပြင်-တောင်ပြို လက်ဝဲလမ်း၏ ကားလမ်းဖောက်လုပ်မည့်အခြေအနေများနှင့် လမ်းအူကြောင်း ရှာဖွေထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်၊ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့်အဖွဲ့သည် အောင်စစ်ပြင်ကျေးရွာရှိ အောင်မြင်ဖြစ်ထွန်းနေသော မနောသုခ၊ ရတနာအောင်၊ သီးထပ် ရင်နှင့် ကျော်ဇေယျ စပါးစိုက်ခင်းများ၊ ကြိမ်ချောင်းကျေးရွာဈေးအတွင်းရှိ ဈေးဆိုင်ခန်းများ၌ ရောင်းဝယ်ဖောက်ကားမှု အခြေအနေများနှင့် ဆန်အရောင်းဆိုင်များကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့သည် မောင်တော-ကျီးကန်းပြင်-ကြိမ်ချောင်း (အောင်စစ်ပြင်) လမ်းအတိုင်း ပြန်လည်ထွက်ခွာလာရာ မောင်တောခရိုင် ဖားဝပ်ချောင်းကျေးရွာသို့ ရောက်ရှိကြပြီး ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့သည် ဖားဝပ်ချောင်းကျေးရွာမှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် မောင်တောခရိုင် မောင်တောမြို့ ကျီးကန်းပြင်ကျေးရွာအုပ်စုရှိ နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ် အစည်းအဝေးခန်းမသို့ ရောက်ရှိသည်။

ထို့နောက် ပြည်နယ်စည်ပင်သာယာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအုန်းသွင်က မောင်တော-ကျီးကန်းပြင်-ကြိမ်ချောင်း (အောင်စစ်ပြင်) လမ်းအခြေအနေများ၊ (၃)မိုင်လမ်းဆုံမှ ကြိမ်ချောင်းအထိ တံတားများ ပြင်ဆင်ဆောင်ရွက်ထိန်းသိမ်းမှု၊ မောင်တော-ကြိမ်ချောင်းလမ်းပေါ်ရှိ တံတားများ၏ အသေးစိတ် အချက်အလက်များ၊ ပြင်ဆင်ဆောင်ရွက်ပြုပြင်ရမည့် တံတားများ၏ အခြေအနေများ၊ ကြိမ်ချောင်း-အောင်စစ်ပြင်လမ်းပိုင်း အခြေအနေများနှင့် မောင်တော-ကျီးကန်းပြင်-ကြိမ်ချောင်းလမ်းပိုင်း လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မောင်တောခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေညွန့်က အောင်စစ်ပြင် - တောင်ပြိုလက်ဝဲလျာထားကားလမ်းပေါ်ရှိ တည်ဆောက်ရမည့်တံတားနှင့်ရေထုတ်ပြွန် အခြေအနေများကို လည်းကောင်း၊ နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးကြီး ထိန်လင်းက လမ်းခင်းကျောက်များ ရရှိမည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။ (သတင်းစဉ်)





## ကြည့်ရှုစစ်ဆေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် မောင်တောမြို့နယ် အောင်စစ်ပြင်-တောင်ပြို လက်ဝဲလမ်း၏ ကားလမ်းဖောက်လုပ်မည့် အခြေအနေနှင့် လမ်းအူကြောင်း ရှာဖွေထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၁၀-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

| | |
|---|---|
| ၇း၀၀-၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅-၁း၀၅ | "သီလနှင့်ပညာ" တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ) |
| ၇း၄၅-၁း၄၅ | Sunday Talk [မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)] |
| ၈း၁၅-၂း၁၅ | ဆီအုန်းစိုက်ပျိုးထုတ်လုပ်ခြင်း |
| ၈း၂၀-၂း၂၀ | Soccer Update |
| ၈း၄၀-၂း၄၀ | ပြင်ဦးလွင်မှာအံ့မခန်းနွဲပျော် တန်ဆောင်တိုင်ပွဲတော် |
| ၉း၁၀-၃း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၀-၃း၂၀ | မီကို၏ဒုတိယအကြိမ် ကံထူးရှင်များနှင့်တွေ့ဆုံခြင်း |
| ၉း၃၀-၃း၃၀ | တေးဂီတအစီအစဉ် |
| ၉း၃၅-၃း၃၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၄၀-၃း၄၀ | Euro Goals |
| ၁၀း၀၀-၄း၀၀ | တေးဂီတအစီအစဉ် |
| ၁၀း၀၅-၄း၀၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၁၀-၄း၁၀ | မော်လမြိုင်တောင်ရိုးတန်းမှာသပ္ပာယ်ထင်ရှားဦးဇိနဘုရား |
| ၁၀း၂၅-၄း၂၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၃၅-၄း၃၅ | တိရစ္ဆာန်လေးတွေမွေးကြမယ် |
| ၁၀း၅၀-၄း၅၀ | တေးဂီတအစီအစဉ် |
| ၁၀း၅၅-၄း၅၅ | ကလေးများအတွက်ပါးစပ်ထဲမှသွားကလေးများအကြောင်း သိကောင်းစရာ (ဒေါက်တာမိုလာ) |
| ၁၁း၁၀-၅း၁၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၁၅-၅း၁၅ | တေးဂီတအစီအစဉ် |
| ၁၁း၂၀-၅း၂၀ | အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "ချစ်တော့ချစ်တယ် အလိုမလိုက်ဘူး" |
| ၁၁း၅၀-၅း၅၀ | ထူးထူးခြားခြားရာသီဥတုဖြစ်စဉ်များ |
| ၁၂း၀၀-၆း၀၀ | ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ ကိုမြသိန်း) |
| ၁၂း၂၅-၆း၂၅ | International Video Topics (လေယာဉ်မတော်တဆဖြစ်စဉ်များ၏နောက်ကွယ်၌) |
| ၁၂း၅၅-၆း၅၅ | တေးဂီတအစီအစဉ် |
| ၁း၀၀-၇း၀၀ | MRTV-4 အပိတ် Logo |

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

### Barclay Rremier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၈း၂၅ | Hull City - West Ham | Star Sports(Live) |
| ၉း၂၅ | Stoke City- Tottenham | ESPN (Live) |

## "ကျန်းမာစေဖို့ လက်ဆေးစို့"

- ❐ အမြဲမပြတ် သတိချပ်
  လိုအပ်ချိန်တိုင်း လက်ဆေးပါ၊
- ❐ မစားခင်မှာ ဆပ်ပြာသုံး
  လက်နှစ်ဖက်လုံး ဆေးကြောပါ၊
- ❐ အစာကိုလျှင် မကိုင်ခင်
  မမေ့အစဉ် ဆေးကြောပါ၊
- ❐ အိမ်သာအထွက် မပျက်ကွက်
  လက်များဆက်ဆက် ဆေးကြောပါ၊
- ❐ ကလေးညစ်ကြေး သုတ်သင်ပေး
  မနှေးမှန်စွာ ဆေးကြောပါ၊
- ❐ ကြက်ငှက်စသည့် ထိကိုင်မိ
  ဉာဏ်သတိနှင့်ဆေးကြောပါ၊
- ❐ ဥအသားငါး ကိုင်မိငြား
  လက်များစင်အောင် ဆေးကြောပါ၊
- ❐ မျက်နှာမျက်စိ နှာခေါင်းထိ
  မထိခင်က ဆေးကြောပါ၊
- ❐ အားလုံးအရေး လက်ကိုဆေး
  ဘေးလည်းကင်းကွာ စဉ်ကျန်းမာ ဘဝင်ချမ်းသာ။

ဒေါက်တာသန်းဦး

# (၈၈)နှစ်မြောက် အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၈**

၂၀၀၈ ခုနှစ် (၈၈)နှစ်မြောက် အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးကို ယမန်နေ့နံနက်၁၀နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အထူးဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ၂၀၀၇ခုနှစ် (၈၇)နှစ်မြောက် အမျိုးသားနေ့နှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူး(၁) အမှတ်(၂) အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးအေးလွင်က လည်းကောင်း၊ ၂၀၀၈ခုနှစ် (၈၈)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကျင်းပရေး စီမံချက်ကို ဗဟိုကော်မတီ အတွင်းရေးမှူး ပညာရေး စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဗဟိုကော်မတီဝင်များက ဆွေးနွေးညှိနှိုင်းကြသည်။

ထို့နောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

**၂၀၀၈ ခုနှစ် (၈၈)နှစ်မြောက် အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးတွင် အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်း အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)





ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန် နိုင်ဂျီးရီးယား...ဂုဏ်ထူးဆောင် ဒေါက်တာ ဘွဲ့ကို အောက်တိုဘာ ၁၇ ရက်က လက်ခံစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အီရန်သမ္မတက အမေရိကန်စီးပွားရေးအကျပ်အတည်းကို ဝေဖန်ပြောကြား

**တီဟီရန် အောက်တိုဘာ ၁၇**

အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးကျပ်တည်းမှုကို ကယ်တင်၍ရတော့မည် မဟုတ်ကြောင်း အီရန်သမ္မတ မာမွတ်အာမက်ဒိန်ရတ်က ဗုဒ္ဓဟူးနေ့တွင် တီဟီရန်၌ ပြောကြားကြောင်း ဖားစ်သတင်းဌာနက ဖော်ပြသည်။

အီရန်နိုင်ငံ မြောက်ပိုင်းဂီလန်ပြည်နယ်၏မြို့တော် ရာရှစ်တွင် ပြည်သူများအား မိန့်ခွန်းပြောကြားရာ၌ အမေရိကန် စီးပွားရေးလုပ်ငန်းများသို့ အနောက်နိုင်ငံသားများက ဒေါ်လာထောင်ပေါင်းများစွာ သွန်၍ ကျားကန် ပေးလျှင်သော်မှ နာလန်ထူလာမည်မဟုတ်ကြောင်း အာမက်ဒိန်ရတ်က ပြောကြားသည်။

အမေရိကန်တို့၏ စီးပွားရေးပြဿနာသည် ၎င်းတို့ကျူးလွန်ခဲ့သော ရာဇဝတ်မှုများပေါ်တွင် အမြစ်တွယ်နေကြောင်း ၎င်းတို့သာ သဘောပေါက်နားလည်မည်ဆိုလျှင် ဘုရားသခင်အားရှိခိုးခြင်းနှင့် တရားမျှတခြင်းကို လေးစားခြင်းသည်သာ သူတို့ကိုကယ်တင်ရေးနည်းလမ်းဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

ဂျီ-၇အုပ်စု နိုင်ငံများက သဘောတူထားသော ဘဏ်လုပ်ငန်းများ ကယ်တင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့်နည်းလမ်းများကို အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်က အင်္ဂါနေ့တွင် ကြေညာခဲ့သည်။

ဘုရှ်အစိုးရသည် ရှယ်ယာများကို တိုက်ရိုက်ဝယ်ခြင်းအားဖြင့် ဘဏ်များကို ကျားကန်ပေးရန် ဒေါ်လာ ၇၀၀ ဘီလီယံ ထည့်ဝင်မည့် ဘဏ္ဍာရေးကယ်ဆယ်ရေးစီမံကိန်းမှ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

***အမ်အင်အေ၊ရိုက်တာ။***



တရုတ်နိုင်ငံ ရှန်ဒေါင်းပြည်နယ် ကွင်ဒါအို၌ပြုလုပ်သော ၂၀၀၈ ဆောင်းရာသီ ကွင်ဒါအိုကားပြပွဲတွင် လာရောက်လေ့လာသူများကို အောက်တိုဘာ ၁၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# လေယာဉ်အပိုင်စီးရန်ကြိုးပမ်းမှုကို ခရီးသည်များဟန့်တား

**အန်ကာရာ အောက်တိုဘာ ၁၇**

တူရကီနိုင်ငံ အန်တောလ်ယာပြည်နယ်တောင်ပိုင်းမှ ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့သို့ ပျံသန်းနေသော တာကစ်ချ်လေကြောင်းလိုင်း(သိုင်း)မှ လေယာဉ်တစ်စင်းကို ပြန်ပေးဆွဲရန် ကြိုးပမ်းခြင်းအား ခရီးသည်များက ဟန့်တားနိုင်ခဲ့ကြောင်း အနာတိုလီယာသတင်းဌာနက ဖော်ပြသည်။

နိုင်ငံတော်လေဆိပ်များ အာဏာပိုင်အဖွဲ့(ဒီအိတ်ချ်အမ်အိုင်) ညွှန်ကြားရေးမှူးချုပ် အော်ဟန်ဘာဒဲလ်အား ကိုးကား၍ အနာတိုလီယာက ခရီးသည်တစ်ဦးသည် ဗုံးတစ်လုံးကို ယူဆောင်လာသည်ဟု ကြေညာပြီး လေယာဉ်ကို ပြန်ပေးဆွဲရန် ကြိုးစားခဲ့သည်ဟု ဖော်ပြသည်။ ခရီးသည်များက ၎င်းအား ဝိုင်းဝန်းဖမ်းဆီးခဲ့ပြီး ခရီးစဉ်အတိုင်း စိန့်ပီတာစဘတ်မြို့သို့ ဆက်လက်ပျံသန်းခဲ့သည်ဟု ဘာဒဲလ်က ပြောကြားသည်။

ခရီးသည် ၁၆၀ ဦး တင်ဆောင်လာသော တာကစ်ချ်လေကြောင်း လိုင်းမှ လေယာဉ်ကိုအပိုင်စီးရန် ကြိုးပမ်းသူမှာ ဥဇဘက်ကစ္စတန်နိုင်ငံသား ယာဆာရာရှီဒွေါ်ဗ် ဆိုသူဖြစ်ကြောင်း အနာတိုလီယာက နောက်တစ်နေ့တွင် ဖော်ပြသည်။ စိန့်ပီတာစဘတ်မြို့လေဆိပ်သို့ လေယာဉ်ဆင်းသက်သောအခါ ခရီးသည်များကို ကယ်တင်ခဲ့ကြောင်း တူရကီသယ်ယူပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဆွပ်ဟေဒီအကာက ပြောကြားသည်။

အဆိုပါ အဲယားဘတ်စ် ၃၂၀ ကို အပိုင်စီးရန် ကြိုးစားသော ရာရှီဒွေါ်ဗ်သည် ဗုံးကို သူ၏ခန္ဓာကိုယ်တွင် သားရေပတ်နှင့် ချည်နှောင်ထားကြောင်းနှင့် အလွန်အကျွံ မူးနေကြောင်း ဝန်ကြီးက ပြောသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# အဇာဘိုင်ဂျန်သမ္မတအဖြစ် လက်ရှိသမ္မတ ပြန်လည်အရွေးခံရ

**ဘာကူ အောက်တိုဘာ ၁၇**

အဇာဘိုင်ဂျန်နိုင်ငံတွင် ဗုဒ္ဓဟူးနေ့က ကျင်းပသော သမ္မတရွေးချယ်ပွဲ၌ လက်ရှိသမ္မတ အိုင်လ်ဟန်အလီယက်ဗ်ပင် အနိုင်ရရှိကြောင်း မဲဆန္ဒရှင်များ မဲပေးပြီး ကောက်ယူရရှိသော စစ်တမ်းက ဖော်ပြသည်။

မဲရုံအသီးသီးမှရရှိသော ကိန်းဂဏန်းများအရ မဲဆန္ဒရှင်များ၏ မဲအရေအတွက် ရာခိုင်နှုန်း ၈၀ ကျော်သည် အလီယက်ဗ်ကို ထောက်ခံကြသည်။ ၎င်းသည် ရွေးချယ်ပွဲပြီးလျှင် နောက်ထပ် ငါးနှစ်သက်တမ်း သမ္မတအဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

ပြန်လည်အရွေးခံရသော သမ္မတသည် အသက် ၄၆ နှစ်ရှိပြီး ၂၀၀၃ ခုနှစ်က သမ္မတအဖြစ် စတင်တာဝန်ယူခဲ့ခြင်းဖြစ်သည်။ ၎င်း၏ဖခင်အရိုက်အရာကို ဆက်ခံခြင်းဖြစ်ပြီး ဖခင်ဖြစ်သူသည် ၁၉၉၂ ခုနှစ်တွင် လက်ရှိ အာဏာရပါတီကို ထူထောင်ပြီး ၁၉၉၃ ခုနှစ်နှင့် ၁၉၉၈ ခုနှစ်များ၌ သမ္မတအဖြစ် နှစ်ကြိမ်တိုင်တိုင် အရွေးခံခဲ့ရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ဆိုယုဇ်ယာဉ်နှင့် အာကာသစခန်းယာဉ်တို့ ချိတ်ဆက်မိပြီ

**မော်စကို အောက်တိုဘာ ၁၇**

ရုရှားလူမျိုးနှင့် အမေရိကန်လူမျိုး သုံးဦးတို့လိုက်ပါသွားသော ရုရှားတို့၏ ဆိုယုဇ်အာကာသယာဉ်သည် အောက်တိုဘာ ၁၄ ရက်က အပြည်ပြည်ဆိုင်ရာ အာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်)နှင့် ချိတ်ဆက်မိပြီဖြစ်သည်။

ယာဉ်မှူးများသည် အိုင်အက်စ်အက်စ်တံခါးကို ဖွင့်ပြီးနောက် ယာဉ်အတွင်းဝင်ရောက်ကာ စမ်းသပ်မှု ၅၀ ကို ပြုလုပ်မည့်အပြင် အာကာသအတွင်း လမ်းလျှောက်ကြမည်ဖြစ်သည်။

ဆိုယုဇ် တီအမ်အေ-၁၃ယာဉ်ကို ကာဇက်စတန်နိုင်ငံဗိုင်ကိုနော အာကာသ ယာဉ်လွှတ်တင်ရေးစခန်းမှ တနင်္ဂနွေနေ့က လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ ထိုယာဉ်နှင့်အတူ ရုရှားအာကာသယာဉ်မှူး ယူရီလောင်ချာကော့ဗ်၊ အမေရိကန် အာကာသယာဉ်မှူး မိုက်ကယ်ဖင်ကီနှင့် အမေရိကန် အာကာသခရီးသည် ရစ်ချတ်ဒ်ဂူရီရောသ်တို့ လိုက်ပါသွားကြသည်။

ဂူရီရောသ်သည် နာဆာအာကာသသူရဲကောင်း အိုဝင်ဂူရီရောသ်၏ သားဖြစ်ပြီး ၎င်းသည် အာကာသအတွင်း၌ ၁၀ရက်ကြာ နေထိုင်မည် ဖြစ်သည်။ ထို့နောက်၎င်းသည် ရုရှားအာကာသယာဉ်မှူး အော်လက်ကိုနိုနီကိုနှင့် ဆာဂီဗောလ်ကော့ဗ်တို့နှင့်အတူ မြေပြင်သို့ ပြန်လည်ဆင်းသက်လာမည်ဖြစ်သည်။

အာကာသယာဉ်နှစ်စင်း ချိတ်ဆက်သည်ကို ဖခင်ဖြစ်သူ အိုဝင်က မော်စကိုမြို့အနီးရှိ ရုရှားမြေပြင်ထိန်းချုပ်ရေးစခန်းမှ စောင့်ကြည့်နေခဲ့သည်။ ရုရှားအာကာသယာဉ်မှူး ဗောလ်ကော့ဗ်သည်လည်း ရုရှားဖခင်အာကာသယာဉ်မှူး၏ ခြေရာကိုနင်းသော ဒုတိယအာကာသယာဉ်မှူးမျိုးဆက်သစ်တစ်ဦး ဖြစ်သည်။

ရုရှားယာဉ်မှူးလောင်ချာကော့ဗ်နှင့် နာဆာမှ ယာဉ်မှူးဖင်ကီတို့သည် အိုင်အက်စ်အက်စ်ပေါ်တွင် တာဝန်ထမ်းမည့် အမှတ်၁၈ အသုတ်မှအာကာသယာဉ်မှူးများဖြစ်သည်။ ၎င်းတို့သည် အာကာသစခန်း ယာဉ်ပေါ်တွင် နာဆာယာဉ်မှူး ဂရေဂေါရီချာမင်တော့ဗ်နှင့်တွဲ၍ ဆက်လက်နေထိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# အမေရိကန်တွင် စီးပွားရေးအကျပ်အတည်းကြောင့် ဖိလစ်ပိုင်လုပ်သား ၅၀၀၀၀ အလုပ်လက်မဲ့ဖြစ်ဖွယ်ရှိ

**မနီလာ အောက်တိုဘာ ၁၇**

ကမ္ဘာပေါ်တွင် မျက်မှောက်ကာလ၌ ရင်ဆိုင်နေရသော စီးပွားရေးအကျပ်အတည်းကြောင့် အမေရိကန်နိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြသော ဖိလစ်ပိုင်အလုပ်သမားအနည်းဆုံး ၅၀၀၀၀ အလုပ်လက်မဲ့ဖြစ်ကြရဖွယ်ရှိသည်ဟု ဖိလစ်ပိုင်နိုင်ငံ ဒုတိယသမ္မတ နိုလီဒီကာစထရိုက အောက်တိုဘာ ၁၄ရက်တွင် ပြောကြားသည်။

ပြည်ပတွင် သွားရောက် အလုပ်လုပ်ကိုင်နေသော ဖိလစ်ပိုင်နိုင်ငံသားအလုပ်သမား ရှစ်သန်းကျော်ရှိသည့် အနက်သုံးပုံတစ်ပုံခန့်မှာ အမေရိကန်နိုင်ငံတွင်ဖြစ်သည်။ ကျန်အရေအတွက်မှာ အရှေ့အလယ်ပိုင်းဒေသ၊ အရှေ့တောင်အာရှဒေသနှင့် ဥရောပဒေသများတွင် ရှိကြသည်။

ပြည်ပတွင် သွားရောက်အလုပ်လုပ်သူများကို ဖိလစ်ပိုင်နိုင်ငံက သူရဲကောင်းများအဖြစ်ဂုဏ်တင်၍ခေါ်ဝေါ်ကြသည်။ ယင်းသို့ ခေါ်ဆိုခြင်းမှာ ၎င်းအလုပ်သမားများသည် နိုင်ငံအတွက် နိုင်ငံခြားသုံးငွေ ဘီလီယံနှင့်ချီ၍ ရှာပေးသောကြောင့် ဖြစ်သည်။ ၎င်းတို့မှ မိခင်နိုင်ငံသို့ ပြန်ပို့သော ပြည်ပ ငွေကြေးပမာဏသည် နိုင်ငံ စီးပွားရေးအတွက် များစွာအရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***






**ဘယ်လ်ဂျီယံနိုင်ငံမှ ဇနီးမောင်နှံနှစ်ဦး မြေပြင်အထက် မီတာ ၄၀ အမြင့် ဝေဟင်တွင် မင်္ဂလာဆောင်ပြီးနောက် ဘန်ဂျီနည်းဖြင့် အမြင့်မှ စုံတွဲလိုက် ခုန်ဆင်းလာသည်ကို အောက်တိုဘာ ၁၅ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# တရုတ်နှင့် ရုရှားနိုင်ငံတို့ ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်သွားမည်

**မော်စကို အောက်တိုဘာ ၁၇**

တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် စီးပွားရေးနှင့် ကုန်သွယ်ရေးကို တိုးမြှင့်ဆောင်ရွက်ကြမည်ဖြစ်သည်။ ယခုနှစ်တွင် ထိုနှစ်နိုင်ငံ၏ ကုန်သွယ်မှုပမာဏစုစုပေါင်းသည် အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံကျော်အထိ ရောက်လာဖွယ်ရာရှိသည်ဟု နှစ်နိုင်ငံ ကုန်သွယ်ရေး အထက်တန်းအရာရှိများက အောက်တိုဘာ ၁၄ ရက်တွင် ပြောကြားသည်။

မြို့ပြလေကြောင်းပျံသန်းမှု၊ အာကာသသိပ္ပံ၊ စွမ်းအင်နှင့်စက်မှုဆိုင်ရာနယ်ပယ်များတွင် တရုတ်နှင့် ရုရှားတို့သည် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှစ်နိုင်ငံပူးတွဲထုတ်ပြန်ချက်တွင် ဖော်ပြသည်။ ရုရှားနိုင်ငံသို့ အလည်အပတ်ရောက်နေသော တရုတ်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီး ချန်ဒီမင်းနှင့် ရုရှားကုန်သွယ်ရေးဝန်ကြီး အယ်လ်ဗီရာ နာဗျူလီနာတို့တွေ့ဆုံဆွေးနွေးအပြီးတွင် အထက်ပါ ထုတ်ပြန်ချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တွင် အမေရိကန် စစ်ဘက်ယာဉ်တန်းအနီး အသေခံကားဗုံးဖြင့် တိုက်ခိုက်ပြီးနောက် တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## အာဖဂန်၊ ပါကစ္စတန်နှင့် နေတိုးတို့ လုံခြုံရေးဆိုင်ရာ သုံးပွင့်ဆိုင်ဆွေးနွေး

**ကဘူး အောက်တိုဘာ ၁၈**

အိမ်နီးချင်းနှစ်နိုင်ငံအကြားနယ်စပ်တစ်လျှောက် လုံခြုံရေးဆိုင်ရာဆွေးနွေးပွဲကို အောက်တိုဘာ ၁၅ ရက်က ပါကစ္စတန်နိုင်ငံ၌ သုံးဦး သုံးဖလှယ် အစည်းအဝေး ကျင်းပရာ အာဖဂန်နစ္စတန်၊ ပါကစ္စတန်နှင့် နေတိုး ဦးဆောင်သော နိုင်ငံတကာလုံခြုံရေး ထောက်ကူပြုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)မှ ထိပ်တန်းစစ်ဘက်အရာရှိများ တက်ရောက်ဆွေးနွေးကြကြောင်း ကြာသပတေးနေ့တွင် အိုင်အက်စ်အေအက်ဖ်က ထုတ်ဖော်ပြောကြားသည်။

အစ္စလာမ္မာဘတ်မြို့၌ ၂၄ ကြိမ်မြောက် ကော်မရှင် အစည်းအဝေးကို ကျင်းပရာအာဖဂန်နစ္စတန်နိုင်ငံတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဘစ်မူလာ၍၊ ပါကစ္စတန်နိုင်ငံကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး အရှာဖစ်ပါဗေ့ကာရာနီနှင့်အိုင်အက်စ်အေအက်ဖ်တပ်ဖွဲ့ တပ်မှူး ဗိုလ်ချုပ်ကြီး ဒေးဗစ်မက်ကီရာနန်တို့သို့ တက်ရောက်ခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## နေတိုးလေကြောင်းတိုက်ခိုက်မှုကြောင့် အာဖဂန်ရွာသား ၁၇ ဦးသေဆုံး

**ကဘူး အောက်တိုဘာ ၁၈**

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဟဲလ်မန့်ပြည်နယ်နတ်အလီခရိုင်တွင် အောက်တိုဘာ ၁၇ရက်က တာလီဘန်စစ်သွေးကြွများအား နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေး ထောက်ကူပြုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)က လေကြောင်းမှ တိုက်ခိုက်ရာ အရပ်သား ၁၇ ဦးထက် မနည်း သေဆုံးကြောင်း သောကြာနေ့တွင် တာဝန်ရှိသူများက ပြောကြားသည်။

ကျေးရွာသားတစ်ဦးက လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သား ၂၅ဦး သေဆုံးကြောင်း၊ အများစုမှာ မိန်းမနှင့် ကလေးများဖြစ်ကြောင်း ဆင်ဟွာသတင်းထောက်များအား ပြောကြားသည်။

ဩဂုတ် ၂၂ ရက်က အာဖဂန်အနောက်ပိုင်း ဟီရတ်ပြည်နယ်တွင် အမေရိကန်တပ်ဖွဲ့များက လေကြောင်းမှ တိုက်ခိုက်မှုကြောင့် တစ်ရက်တည်း၌ပင် အရပ်သား ၉၀ ကျော် သေဆုံးခဲ့ရသည်။

***အင်တာနက်။***

နိုင်ငံတကာ သတင်းများ



အီရတ်နိုင်ငံ ကယ်လ်ကွတ်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ယာဉ်အပျက်အစီးကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## ဘဂ္ဂဒက်မြောက်ဘက်၌ ဗုံးပေါက်ကွဲ သုံးဦးသေဆုံး ခုနစ်ဦးဒဏ်ရာရရှိ

**ဘဂ္ဂဒက် အောက်တိုဘာ ၁၈**

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့မြောက်ဘက်ရှီးယိုက် လူမျိုးစုဒေသတွင် အောက်တိုဘာ ၁၇ ရက်က ဗုံးပေါက်ကွဲရာ သုံးဦးသေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူက ပြောကြားသည်။

အလားတူပင် နေ့တွင် မိုလ်ဆူးမြို့မြောက်ပိုင်း၌ ဆွန်နီသောင်းကျန်းသူများဟု ယူဆရသူများ တိုက်ခိုက်မှုကြောင့် ပြည်သူထောင်နှင့် ချီ၍ ထွက်ပြေးခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

***အင်တာနက်။***

## မိုလ်ဆူးမြို့၌ဗုံးနှစ်ကြိမ်ပေါက်ကွဲ အီရတ်တပ်ဖွဲ့ဝင်သေဆုံးပြီး ငါးဦးဒဏ်ရာရရှိ

**ဘဂ္ဂဒက် အောက်တိုဘာ ၁၈**

အီရတ်နိုင်ငံ နင်နီဗားပြည်နယ် မိုလ်ဆူးမြို့တွင် ဗုံးပေါက်ကွဲမှုနှစ်ကြိမ်ဖြစ်ပွားရာ အီရတ်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အောက်တိုဘာ ၁၇ရက်က အီရတ်တပ်ဖွဲ့များ ကင်းလှည့်နေစဉ် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့သည်။ မိုလ်ဆူးမြို့တွင် အခြားအီရတ်တပ်ဖွဲ့များ ကင်းလှည့်စဉ် ဒုတိယဗုံးပေါက်ကွဲရာ ရဲတပ်ဖွဲ့ဝင် နှစ်ဦးနှင့် အရပ်သားသုံးဦး ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

***အင်တာနက်။***

## အာဖဂန်နစ္စတန် လေဆိပ်အနီး၌ အသေခံကားဗုံးပေါက်ခွဲ

**ကဘူး အောက်တိုဘာ ၁၈**

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း ဟီရတ်မြို့အနီး၌ အောက်တိုဘာ ၁၈ ရက်က အသေခံကားဗုံးဖြင့် တိုက်ခိုက်မှုကြောင့် သေကျေဒဏ်ရာရရှိသူအချို့ရှိသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ ဗုံးပေါက်ခွဲမှုသည် မြို့ဆင်ခြေဖုံးရှိ ဟီရတ်လေဆိပ်အနီး၌ ဖြစ်ပွားခဲ့ကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့အကြီးအကဲကပြောကြားသည်။

လူအချို့ သေကျေဒဏ်ရာရရှိကြောင်း နေတိုးဦးဆောင်သောတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။သို့သော် အသေးစိတ်အကြောင်းအရာကို ပြောကြားခြင်းမရှိပေ။

***အင်တာနက်။***



**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အသေခံဗုံးပေါက်ခွဲမှု ဖြစ်ပွားသည့်နေရာအား တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# သဘာဝ ဘေးအန္တရာယ်သတင်းများ

## အယ်လ်ဂျီးရီးယား၌ ရေကြီး၊ ရှစ်ဦးသေဆုံး

**အယ်လ်ဂျီးယားစ် အောက်တိုဘာ ၁၇**

အယ်လ်ဂျီးရီးယားနိုင်ငံတောင်ပိုင်းရှိ သဲကန္တာရဒေသများတွင် ရေကြီးရာ အနည်းဆုံး ရှစ်ဦးသေဆုံးကြောင်း နိုင်ငံပိုင်သတင်းဌာနက ပြောကြားသည်။

အောက်တိုဘာ ၁၇ရက်က အယ်လ်ဂျီးယားစ်မြို့ တောင်ဘက်ကီလိုမီတာ ၁၀၀၀ခန့်အကွာရှိ ဘီချာမြို့ဆာဟာရသဲကန္တာရဝန်းကျင်နှင့် အတွင်းပိုင်း၌ လွန်ခဲ့သော ၄၈ နာရီကျော်က ရေကြီးခဲ့ကြောင်း အေပီအက်စ် သတင်းဌာနက ပြောကြားသည်။

ပြည်ထဲရေးဝန်ကြီးဌာနက ယခုလအတွင်း အယ်လ်ဂျီးယားစ်မြို့တွင် မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးမှုကြောင့် ၆၅ဦးရေနစ်သေဆုံးခဲ့ပြီး သေဆုံးသူအများစုမှာ ဂါဒီယာမြို့တောင်ပိုင်းမှ ဖြစ်ကြောင်းပြောကြားသည်။ထို့ပြင် အိမ်ခြေထောင်နှင့်ချီ၍လည်းပျက်စီးခဲ့ရသည်။**(အောက်ပုံ)** ***အင်တာနက်။***



## မက္ကဆီကိုနှင့် ဂွါတီမာလာနယ်စပ်၌ ၆ ဒသမ ၆ အဆင့်ရှိ ငလျင်လှုပ်

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၁၇**

ဂွါတီမာလာနိုင်ငံနှင့် မက္ကဆီကိုနိုင်ငံ အရှေ့တောင်ပိုင်း ချီယာပက်စ်ပြည်နယ်တွင် အောက်တိုဘာ ၁၆ ရက်က ရစ်ချ်တာစကေး ၆ ဒသမ ၆ အဆင့်ရှိ ငလျင်လှုပ်သွားကြောင်း၊ အဓိကပျက်စီးမှုနှင့် သေကျေဒဏ်ရာရရှိမှုကို ဖော်ပြခြင်းမရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

မက္ကဆီကို အမျိုးသားမြေငလျင်ဌာနက အဆိုပါငလျင်သည် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က ချီယာပက်စ်ပြည်နယ် ကမ်းရိုးတန်းကို ဗဟိုပြု၍ လှုပ်သွားသည်ဟု ပြောကြားသည်။

မက္ကဆီကိုမြို့ပြ ကာကွယ်ရေးနှင့်ကယ်ဆယ်ရေးအဖွဲ့များက မက္ကဆီကိုစီးတီး အနောက်တောင်ဘက် ကီလိုမီတာ ၈၀၀ ခန့်အကွာရှိ အာရီယာဂါမြို့မှ တာပါချူလာမြို့ ကမ်းရိုးတန်းဒေသများအတွင်း ငလျင်လှုပ်မှုကြောင့် အချို့ အဆောက်အအုံပြတင်းပေါက်များကွဲခဲ့ပြီး အိမ်များပျက်စီးခဲ့ကြောင်း ပြောကြားသည်။ **(အောက်ပုံ)** ***အင်တာနက်။***



## ဂျီအမ်စီကုမ္ပဏီ အလုပ်သမား ၁၅၀၀ လျှော့ချမည်

**ဒက်ထရွိုက် အောက်တိုဘာ ၁၇**

အမေရိကန်နိုင်ငံ ဂျင်နရယ်မော်တော်ကား ကော်ပိုရေးရှင်းသည် ဝယ်လိုအား ကျဆင်းလာသောကြောင့် ပစ်ကပ်၊ ထရပ်ကားကြီးများနှင့် နှစ်ယောက်စီးကားများထုတ်လုပ်သော မီချီကန်နှင့်ဒီလာစာရီမြို့များရှိ စက်ရုံများမှ အချိန်ပိုင်းအလုပ်သမား ၁၅၀၀ ကို လျှော့ချမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ကြာသပတေးနေ့တွင် ပြောကြားသည်။

ဒုတိယလေးလပတ်အတွင်း အသားတင်ဆုံးရှုံးမှု အမေရိကန် ဒေါ်လာ ၁၅ ဒသမ ၅ ဘီလီယံရှိသော ဂျီအမ်စီသည် အမေရိကန်ပြည်ထောင်စုတွင် အရောင်းအဝယ်ကျဆင်းခြင်းနှင့် ရင်ဆိုင်နေရသည်။ ၂၀၀၈ ခုနှစ် စက်တင်ဘာလအထိ အရောင်းကျဆင်းမှုမှာ ၁၈ ရာခိုင်နှုန်းဖြစ်သည်။

ပွန်ကေစ့် မီချီကန် ကားတပ်ဆင်ရေးစက်ရုံမှ အလုပ်သမား ၇၀၀နှင့် ဟန်ထရာမက်၊ မီချီကန်နှင့် စီလ်ပင်တန် ဒီလာစာရီ စက်ရုံများမှ ၄၀၀စီ လျှော့ချမည်ဖြစ်သည်။

***အမ်အင်အေ၊ရိုက်တာ။***

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ဂုဏ်ပြုလျက်-

# မြန်မာ့ယဉ်ကျေးမှုအမွေ ဆက်လက်ထိန်းသိမ်းနိုင်ကြပါစေ

ဒေါက်တာခင်မောင်ညွန့်

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို နေပြည်တော်တွင် ခြိမ့်ခြိမ့်သဲ စတင်ကျင်းပနေပြီ။ နှစ်စဉ်ကျင်းပလာသော ဤပွဲကြီးတွင် မြန်မာ့ရိုးရာသုခုမပညာများကို ဖော်ထုတ်လာခဲ့ရာ (၁၅)ကြိမ်မြောက်ပြိုင်ပွဲတွင် ကွက်စိပ်နှင့်ပြဇာတ်ကိုပါ ထည့်သွင်း ဖော်ထုတ်လာခဲ့သည်။

မျိုးဆက်သစ် မြန်မာတို့ ကွက်စိပ်နှင့် ပြဇာတ် အလှမ်းဝေးလာခဲ့ကြသည်။ မြန်မာ့ရိုးရာဇာတ်သဘင်တွင် ကွက်စိပ်သည် သမိုင်းကွင်းဆက် တစ်ခုဖြစ်သည်။ ဇာတ်သည် ဇာတကမှဆင်းသက်လာသော စကားဖြစ်ပြီး ဘုရားဖြစ်စဉ် ဇာတ် နိပါတ်တော်များကို ခင်းကျင်းပြသ၍ လောက၊ ဓမ္မ၊ ရာဇကြောင်းကို သွန်သင်ဆုံးမသောပွဲဖြစ်သည်။လူကသည်ဖြစ်စေ၊ ရုပ်သေးရုပ်ကို ကြိုးဆွဲကသည်ဖြစ်စေ၊ လူသုံးဦးနှင့်သာ ကသည်ဖြစ်စေ၊ လူတစ်ဦးတည်းက ကသည်ဖြစ်စေ ဇာတ်ချည်းဖြစ်သည်။ ပထမနှစ်မျိုးကိုကြည့်ရှုဖူးသူများသော်လည်း ဒုတိယနှစ်မျိုးကား တိမ်မြုပ်ပျောက်ကွယ်ခဲ့သောကြောင့် ယခုဖော်ထုတ်တင်ဆက်နေသည်။

လူသုံးဦးနှင့်ကသော ဇာတ်ပွဲမှာ မြေဝိုင်းဇာတ်ဖြစ်သည်။ ဇာတ်မင်းသား၊ ဇာတ်မင်းသမီးနှင့် ဇာတ်ပို့အကူ အမျိုးသားတစ်ဦး၊ တူရိယာ လေးငါးဦးနှင့် သလင်းပြောင်နေရာ၌ ညဥ့်အချိန် မီးတုတ်တိုင်ကြီးများ အလင်းရောင်အောက် ကပြသောဇာတ်ဖြစ်သည်။ ပွဲကြည့်သူတို့ မြေပြင်တွင် ဝိုင်းထိုင်ကြည့်ကြသည်။ ဤသုံးဦးနှင့် ဇာတ်နိပါတ်၊ ပုံပြင်၊ ရာဇဝင်၊ သိုက်သမိုင်းတို့ကို ပိုင်နိုင်စွာ ကပြခဲ့ရာ ကိုလိုနီခေတ်ဦးလောက်တွင် ပျောက်ကွယ်သွားသည်။

ကွက်စိပ်သည် များသောအားဖြင့် အရွယ်လတ်၊ အရွယ်ကြီး၊ စာပေကျမ်းဂန်တတ် အမျိုးသားများသာ ကွက်စိပ်ဟောနိုင်သည်။ကွက်စိပ်ဆရာသည် နားထောင်ပရိသတ်အလယ်တွင်ထိုင်၍ ဇာတ်ထုပ်တစ်ခုလုံးကို သူတစ်ဦးတည်းက ဇာတ်ခင်းပြသည်။ ဇာတ်ထုပ်တွင် ပါဝင်သော ဇာတ်ကောင်အားလုံး၏ အသံ၊ ဟန်ပန်၊ အမူအရာပါဝင်သော ကျေးငှက်၊ တိရစ္ဆာန်၊ နတ်၊ ဗြဟ္မာ၊ သိကြားတို့ကို သူတစ်ဦးတည်းက ဖန်တီးသရုပ်ဆောင်ရုံသာမက သက်ဆိုင်ရာ အဆို၊ အငို၊ အပြောနှင့်ဆိုင်ရာ ဇာတ်ပုံဆိုင်းသံကိုပင် သူ့ပါးစပ်မှ ပါးစပ်ဆိုင်းတီးနိုင်သူဖြစ်သည်။ ဇာတ်နိပါတ်တော်ကြီးများပါဆိုင်ရာ ပါဠိဂါထာ၊ဥဒါန်းကျူးတို့ကိုလည်း ဌာန်ကရိုဏ်းကျကျ ရွတ်နိုင်သူဖြစ်သည်။ သူရော၊ နားထောင်ပရိသတ်ပါ ခေတ္တအနားပေးပြီး ညလုံးပေါက်ခင်းနိုင်သော ကွက်စိပ်ဆရာကြီးများ ရှိခဲ့ဖူးသည်။ လူအများကသော ဇာတ်ကြီးများကဲ့သို့ပင် လောက၊ ဓမ္မ၊ ရာဇအကြောင်း သုံးပါး၊ ဆုံးမသွန်သင်သောသင်ခန်းစာများနှင့် ဇာတ်သိမ်းသည်။ ရှမ်းပြည်နယ် ပင်းတယ၊ ပွေးလှတို့၌ ကွက်စိပ်ဆရာကို မော်အေးဆရာဟု ခေါ်သည်။ ရဟန်းတော်များ ဇာတ်နိပါတ်များကို ကွက်စိပ်ဆန်ဆန် ဟောသောအခါ (ဥပမာ ဦးပုည၏ ဆဒ္ဒန်ဆင်မင်းဝတ္ထု)ဟောစာဟုလည်း ခေါ်ကြသည်။ ကွက်စိပ်သည် လုံးဝပျောက်ကွယ်မသွားပါ။ မြန်မာ့အသံက ကွက်စိပ်ဆရာကြီး တွံတေးဆရာညွန့်၏ ဗုဒ္ဓဝင်ကွက်စိပ်များကို လွှင့်ပေးလျက်ရှိပါသည်။ ဤဆရာကြီး ကွယ်လွန်သွားပြီးနောက် ပြောင်မြောက်သော ကွက်စိပ်ဆရာများ ထွန်းပေါက်လာစေရန် ယခုပြိုင်ပွဲကြီးက စင်တင်ပေးလျက်ရှိသည်။

မြန်မာ့ပြဇာတ်ကို ခေတ်ဟောင်းနှင့် ခေတ်သစ်ဟု နှစ်မျိုးပိုင်းခြားနိုင်ပါသည်။ ခေတ်ဟောင်းပြဇာတ်မှာ ၁၈ ရာစုလောက်က စတင်ပေါ်ထွန်းလာပြီး ၁၉ ရာစုနောက်ပိုင်းတွင် အထွတ်အထိပ်သို့ တိုးတက်လာသည်။ ဦးကြင်ဥနှင့် ဦးပုည ပြဇာတ်ဆရာကြီးနှစ်ဦး ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် ပေါ်ထွန်းလာရာ ဇာတ်နိပါတ်တော်မဟုတ်သော ထိုးဇာတ်များကိုပါ ရေးသားတင်ဆက်လာကြသည်။ ဥပမာ-ရေသည်ပြဇာတ်၊ ဝိဇယပြဇာတ်၊ အဆို၊အငို၊အပြော၊ဟာသများ ပါဝင်ပြီး တစ်ညတည်းနှင့် အပြီးကပြနိုင်သော ဇာတ်များဖြစ်သည်။ ထိုခေတ် ထိုအခါက လူကြီး၊ လူလတ်၊ လူငယ်အားလုံး နှစ်သက်သော ပြဇာတ်များဖြစ်ပြီး ဖတ်ရန်၊ ကရန်အတွက် ရေးကြသည်။ သို့သော် လောက၊ ဓမ္မ၊ ရာဇသင်ခန်းစာများလည်းပါသည်။

ခေတ်သစ်ပြဇာတ်မှာ ဗြိတိသျှကိုလိုနီခေတ်နှောင်းတွင် စတင်ပေါ်လာသည်။ ရုပ်ရှင်၏ ဩဇာညောင်းမှုကြောင့် ပေါ်လာသည်ဟု ပြဇာတ်သုတေသီတို့က ဆိုပါသည်။ညဥ့်လုံးပေါက်ကရသော မြန်မာ့ဇာတ်အဖွဲ့ကြီးများ ရှေ့ပိုင်းတွင် အစီအစဉ်သစ်များ တီထွင်လာကြရာ အောက်မြန်မာပြည်၌ "လူဘိုင်စကုတ်"၊ အထက်မြန်မာပြည်၌ "လူဓာတ်ရှင်"ဟု ပေါ်လာသည်။ အောက်ပြည် အောက်ရွာတွင် ဘိုင်စကုတ်"ရုပ်ရှင်"ဟုခေါ်ကြသော်လည်း အညာဒေသတွင် "ဓာတ်ရှင်"ဟု ခေါ်ပါသည်။ ရုပ်ရှင်(ဓာတ်ရှင်)ကဲ့သို့ ခေတ်အဝတ်အစားစတိုင်၊ ဟန်ပန် အပြောအဆို၊ သီချင်းဂီတကို ဇာတ်ခုံပေါ်တွင် လူကိုယ်တိုင် သရုပ်ဆောင်ကပြခြင်းကြောင့် လူဓာတ်ရှင်၊ လူဘိုင်စကုတ်ဟု ခေါ်လာသည်။ နာမည်ကျော် ရုပ်ရှင်မင်းသား၊ မင်းသမီးတို့၏ "အက်တင်"နှင့် ကပြသည်။ တီးဝိုင်းမှာလည်း ဆိုင်းမဟုတ် (Band) ခေတ်တီးဝိုင်းဖြစ်ပြီး ရုပ်ရှင်သီချင်းကိုတီးသည်။ အချစ်ဇာတ်လမ်းများဖြစ်ပြီး ချစ်သူနှစ်ဦးတွေ့ကြ၊ ချစ်ကြ၊ ကွဲကွာကြ၊ လွမ်းကြ၊ နောက်ဆုံးပြန်ပေါင်းပြီးဇာတ်သိမ်းသည်။ လူကြမ်း၊လူရွှင်တော် (Villain and Comedians )စတန့်ထိုးသတ်ခန်းများ ဒိုင်ဗင်၊ဖိုက်တင်(Diving, Fighting) များလည်းရုပ်ရှင်ထဲကအတိုင်းပါဝင်ရသည်။ဇာတ်မင်းသားများမှာ ဆံပင်ရှည်ပြီး ရုပ်ရှင်အက်တင် မလုပ်တတ်ကြပါ။ အပြင်မှ ရုပ်ဖြောင့်ပြီး ရုပ်ရှင်ဝါသနာအိုး ကောလိပ်၊ ဟိုက်စကူးကျောင်းသားကျောင်းသူများကို ငွေကြေးချီးမြှင့်ခေါ်ယူသရုပ်ဆောင်စေသည်ထင်ရှားသော ဘတင့်၊ ဘမြင့်၊ ခင်မောင်ရင်၊ ခင်မြရင်၊ မေမေဝင်း၊ မေရှင်နှင့် စတန့်မင်းသား တင်ငွေ၊ တင်ဖေ၊ ချစ်ရွှေတို့ အက်တင်နှင့် သရုပ်ဆောင်ကြသည်။



ယခုနှစ် ကျင်းပလျက်ရှိသော (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ပြဇာတ်ပြိုင်ပွဲတွင် လူငယ်အားမာန်မိုးယံဆီသို့ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၁၇ရက်က တနင်္သာရီတိုင်း ကိုယ်စားပြု ပြဇာတ်အဖွဲ့ ပါဝင်ယှဉ်ပြိုင်ကြစဉ်။ (သတင်းစဉ်)

ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်ခေတ်က ခေတ်သစ်ပြဇာတ် ပေါ်ထွန်းလာပါသည်။ လျှပ်စစ်မီးမရှိ၊ ဖုံးကြဲမည်စိုး၍ ညမီး မထွန်းရ၊ ရုပ်ရှင်မပြရပါ။ နေ့ခင်းပြဇာတ်များ ပေါ်လာသည်။ ရန်ကုန် ကန်တော်ကြီး မြေကွက်လပ်တွင် ကပ်မိုးကပ်ကာ ပြဇာတ်ရုံကြီး မြိုင်ရုံပေါ်လာပြီး ရုပ်ရှင် အစားထိုးပြဇာတ်များ ကပြရသည်။ ရုပ်ရှင် ဒါရိုက်တာများ၏ ရုပ်ရှင်ဇာတ်ထုတ်ကို ကပြသည်။ ဟာသရသ၊ ကရုဏာ ရသ၊ အချစ် အလွမ်း အဆွေး စုပေါင်းဇာတ်များ ဖြစ်သည်။ သုံးနာရီထက်မကျော်သော ဇာတ်များဖြစ်သည်။ ငယ်ကျွမ်းဆွေ၊ ဂုဏ်ရည်မတူ၊ မြတဲ့သစ္စာ၊ တစ်ဝါကျွတ်ပေါ့ သက်ဝေရယ် စသော ဇာတ်များအပြင် သိုက်သမိုင်းများကိုလည်း ရုပ်ရှင်ဆန်ဆန် တင်ဆက်သေးသည်။

စစ်ပြီးခေတ်တွင် မော်ဒန်ပလေး ပီပီပြင်ပြင် ပေါ်ထွန်းလာသည်။ ရန်ကုန်မြို့တွင် ကာငွေးရုံနှင့် ဝင်းဝင်းရုံဟူသော ပြဇာတ်ရုံနှစ်ရုံ၌ ခေတ်ပြဇာတ် အမြဲကသည်။ နယ်နှင့် အခြားနေရာများတွင်မူ ရုပ်ရှင်ရုံကို ပြဇာတ်ရုံအဖြစ် ပြောင်းကသည်။ နှစ်နာရီခွဲ ထက်မကျော်သော ပြဇာတ်များဖြစ်ပြီး ဇာတ်ထုပ်ကို ရုပ်ရှင်ဒါရိုက်တာများက ရေးကာ ညွှန်ကြားပေးသည်။ ပြဇာတ် ဇာတ်ခုံကို အထူးပြုပြင်ရသည်။ ဆုံလည်၊ ရွှေ့လျား၊ ဆွဲချ၊ ခေါက်တင်၊ ဆက်တင် အမျိုးမျိုးတပ်ဆင်ထားသည်။ ခေတ်ဂီတ ဝိုင်းသာသုံးပြီး ဇာတ်ဝင်သီချင်းများ သီးခြားရေးစပ် သီဆိုရသည်။ မီးနှင့်အသံပါ ခေတ်မီလာသည်။ ရုပ်ရှင်ထဲကအတိုင်း ပြဇာတ်မင်းသား၊ မင်းသမီး၊ လူကြမ်း၊ ဇာတ်ပို့များအပြင် လူရွှင်တော် မလွဲမသွေပါရသည်။ တက္ကသိုလ်မျိုးချစ်၊ ခင်မောင်မြင့်၊ ခင်မောင်ကြည်၊ ခင်အုန်းမြင့်၊ မေချစ်၊ ကြည်ကြည်ငွေး၊ မြင့်မြင့်ငွေး စသူတို့မှာ ရုပ်ချော အသံကောင်းသော ပြဇာတ်မင်းသား၊ မင်းသမီးများဖြစ်သည်။ သန်းနွဲ့၊ ဖိုးပါကြီး၊ ဂျော်လီဆွေ၊ ကြယ်နီ၊ မစိန်ခင် စသူတို့မှာ အလွန်ပွဲကျသော လူရွှင်တော် အမျိုးသား အမျိုးသမီးများဖြစ်သည်။ ဗိုလ်ကလေးတင့်အောင်၊ ရန်နိုင်စိန် စသူတို့မှာ ပြဇာတ်ဆရာကြီးများ၊ ဒါရိုက်တာကြီးများဖြစ်ပြီး ဂီတလုလင် ဒေါက်တာမောင်ကိုကို (ကွယ်လွန်) စသူတို့မှာ ပြဇာတ်ဂီတဆရာကြီးများ ဖြစ်သည်။ ပြဇာတ်အများစုမှာ လူနေမှု ဘဝ၏ အနိဋ္ဌာရုံများ၊ နေ့စဉ်ဘဝ၏ စိတ်ညစ်ညူးဖွယ်ရာများကို ခေတ္တမေ့ပျောက်ပြီး တဝါးဝါး တဟားဟားနှင့် စိတ်အပန်းဖြေရန် ဦးတည်သော ဟာသဇာတ်များဖြစ်သည်။ ထို့ကြောင့် ဇာတ်လမ်းအရလည်း ကြည်နူးနှစ်သက်စရာ ဖြစ်ရသည်။ လူရွှင်တော်များက လူမှုဘဝကို ပျော်စရာဖြစ်စေရန် ပြက်လုံးထုတ်ရသည်။ ကမ္ဘာ့ပြဇာတ် ဝေါဟာရစကားအရ ဤသို့သော ပြဇာတ်ကို **Slap-Sticks** ဟု ခေါ်ပါသည်။ ဤပြဇာတ်နှင့်အတူ ပြဇာတ်စာပေ တစ်မျိုးလည်း ပေါ်လာသည်။ လစဉ်ထုတ် မြန်မာရုပ်စုံမဂ္ဂဇင်းများ (ဒဂုံ၊ ငွေတာရီ၊ မြဝတီ၊ရှုမဝ)တွင် ပြဇာတ်ကဏ္ဍသီးခြားပါလာသည်။ ၁၉၄၇-၅၂ အထိ တက္ကသိုလ်ကောလိပ် အင်္ဂလိပ်စာအတွက် **Modern Plays** ကို ပြဋ္ဌာန်းခဲ့ရာ **One Act play** တစ်ခန်းရပ်ပြဇာတ် ခေတ်စားလာသည်။ တက္ကသိုလ်၊ ကောလိပ်၊ ဟိုက်စကူးကျောင်းကပွဲ ကွန်ဆက်များတွင် တစ်ခန်းရပ် ပြဇာတ်များကို ဆရာ၊ ကျောင်းသားများ ပူးပေါင်းတင်ဆက်ကပြကြရာ အလွန်ခေတ်စားလာပြီး မဂ္ဂဇင်းများမှာပင် တစ်ခန်းရပ်ပြဇာတ်များ ရေးလာကြပြီး မြန်မာ့အသံမှလည်း အသံလွှင့်ပေးလာသည်။

ပြဇာတ်ထုတ်လုပ်တင်ဆက်မှု စရိတ်ကြီးလာခြင်း၊ ရုပ်ချော၊ အသံကောင်း မင်းသား၊မင်းသမီး ရှားပါးလာခြင်း၊ ရုပ်ရှင်ပြန်ရောက်လာပြီး သုံးဖက်မြင်(သရီးဒီ) မြင်ကွင်းကျယ်၊ စီနီမာစကုတ်၊ ·ဆေးရောင်စုံ (**Technicolour**) စသော ရုပ်ရှင်အသစ်အဆန်းများ၏ ဩဇာအရှိန်တို့ကြောင့် ပြဇာတ် ကျဆင်းလာရသည်။ ထို့အပြင် ပြောင်းလဲလာသော ခေတ်ရေစီးကြောင်းနှင့် လိုက်လျောစွာ ပြောင်းလဲတင်ဆက်နိုင်ခြင်း မရှိသောကြောင့် ကျဆင်းရပါသည်ဟု ဗိုလ်ကလေးတင့်အောင်နှင့် ဂီတလုလင် ဒေါက်တာမောင်ကိုကိုတို့က မှတ်ချက်ပြုဖူးသည်။

ယနေ့(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးက မြန်မာ့သုခုမပညာသမိုင်းတွင် ပေါ်ထွန်းခဲ့ပြီးဖြစ်သော ကွက်စိပ်နှင့် ပြဇာတ်ကို ပြိုင်ပွဲစင်ပေါ်သို့ ထင်ပေါ်လာစေရန် တင်ပေးလိုက်ခြင်းဖြင့် သုခုမမျိုးဆက်သစ်တို့ မြန်မာ့ယဉ်ကျေးမှုအမွေကို ဆက်လက်ထိန်းသိမ်းနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။ ။



၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) (အမျိုးသား) ကွက်စိပ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ဟောပြောယှဉ်ပြိုင်ခဲ့စဉ်။ (သတင်းစဉ်)

**မျိုးဆက်သစ် မြန်မာတို့ ကွက်စိပ်နှင့် ပြဇာတ် အလှမ်းဝေးလာခဲ့ကြသည်။ မြန်မာ့ရိုးရာဇာတ်သဘင်တွင် ကွက်စိပ်သည် သမိုင်းကွင်းဆက် တစ်ခုဖြစ်သည်။ ဇာတ်သည် ဇာတကမှ ဆင်းသက်လာသော စကားဖြစ်ပြီး ဘုရားဖြစ်စဉ် ဇာတ်နိပါတ်တော်များကို ခင်းကျင်းပြသ၍ လောက၊ ဓမ္မ၊ ရာဇကြောင်းကို သွန်သင်ဆုံးမသောပွဲဖြစ်သည်။**

## (၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်( ၄ )ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

# အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်မားစေမည့် တီးကွက်နှင့် ကဟန်များ





အသက်(၅) နှစ်မှ (၁၀)နှစ်အထိ အခြေခံပညာ အဆင့် အမျိုးသား စန္ဒရား အတီးပြိုင်ပွဲတွင် ပဲခူးတိုင်းမှ မောင်လူမော်ဟိန်း ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ဝါသနာရှင် အဆင့်(ပထမတန်း) အမျိုးသား ဆိုင်း(အဖွဲ့လိုက်) ပြိုင်ပွဲတွင် မကွေးတိုင်းမှ ဦးကျော်ကျော်မိုးအဖွဲ့ ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)



ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား ဂီတာတီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ဦးသိန်းနိုင် ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

## (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ နေ့ရက်အလိုက်ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲအစီအစဉ်များ

| စဉ် | ရက်စွဲ | ပြိုင်ပွဲကျင်းပသည့်နေရာ | ပြိုင်ပွဲဘာသာရပ် | ပြိုင်ပွဲအဆင့် | အချိန် |
|---|---|---|---|---|---|
| ၄ | ၁၉-၁၀-၂၀၀၈ (တနင်္ဂနွေနေ့) | စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ) | အဆို၊ ကာလပေါ် | အဆင့်မြင့်ပညာ(အမျိုးသား) | ၀၉း၀၀ |
| | | | အဆို၊ ကာလပေါ် | အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း)(အမျိုးသမီး) | ၁၃း၀၀ |
| | | | အဆို၊ ကာလပေါ် | အခြေခံပညာအသက်(၅နှစ်ပြည့်မှ ၁၀နှစ်အတွင်း)(အမျိုးသား) | |
| | | မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်(ဘွဲ့နှင်းသဘင်ခန်းမ) | အက | အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း)(အမျိုးသား) | ၀၉း၀၀ |
| | | | အက | အခြေခံပညာအသက်(၅နှစ်ပြည့်မှ ၁၀နှစ်အတွင်း)(အမျိုးသမီး) | ၁၃း၀၀ |
| | | | ပြဇာတ် | လူငယ်အားမာန်မိုးယံဆီသို့(စစ်ကိုင်းတိုင်း) | ၁၈း၃၀ |
| | | | ပြဇာတ် | လူငယ်အားမာန်မိုးယံဆီသို့(မွန်ပြည်နယ်) | ၂၁း၀၀ |
| | | သစ်တောသုတေသနဌာန (စုဝေးခန်းမ) | အတီး(စန္ဒရား) | ဝါသနာရှင် (ဒုတိယတန်း)(အမျိုးသား) | ၀၉း၀၀ |
| | | | အတီး(စန္ဒရား) | အခြေခံပညာအသက်(၅နှစ်ပြည့်မှ ၁၀နှစ်အတွင်း)(အမျိုးသမီး) | ၁၃း၀၀ |
| | | စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ) | အတီး(ပတ္တလား) | ဝါသနာရှင် (ဒုတိယတန်း)(အမျိုးသား) | ၀၉း၀၀ |
| | | | အတီး(ပတ္တလား) | အဆင့်မြင့်ပညာ(အမျိုးသမီး) | ၁၃း၀၀ |
| | | စိုက်ပျိုးရေးသုတေသနဦးစီးဌာန(စုဝေးခန်းမ) | အတီး(ဒိုးပတ်) | ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသား) | ၀၉း၀၀ |
| | | | အတီး(ဒိုးပတ်) | အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း)(အမျိုးသား) | ၁၃း၀၀ |
| | | စိုက်ပျိုးရေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ) | အတီး(ဆိုင်းတစ်ဦးချင်း) | ဝါသနာရှင်(ပထမတန်း)(အမျိုးသား) | ၀၉း၀၀ |
| | | | အတီး(ဆိုင်းတစ်ဦးချင်း) | အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း)(အမျိုးသား) | ၁၃း၀၀ |
| | | အမှတ်(၇)တည်းခိုရေးစခန်း (သင်တန်းခန်းမဆောင်) | အဆို(ခေတ်အကြိုက်) | အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း)(အမျိုးသမီး) | ၀၉း၀၀ |
| | | | အဆို(ခေတ်အကြိုက်) | အဆင့်မြင့်ပညာ(အမျိုးသား) | ၁၃း၀၀ |
| | | | ရုပ်စုံသဘင်အဖွဲ့လိုက် | မဟာဗုဒ္ဓဝင်တောထွက်ခန်း(မန္တလေးတိုင်း) | ၁၉း၀၀ |



**အက ယှဉ်ပြိုင်**

ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား အကပြိုင်ပွဲတွင် တနင်္သာရီတိုင်းမှ ဦးဝင်းဇော်မင်း(ခ) လွင်ကိုဦး ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

**✳ ရှေ့ဖုံးမှ**

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဝါသနာရှင်(ပထမတန်း) အမျိုးသား မဟာဂီတ အဆိုပြိုင်ပွဲနှင့် အခြေခံပညာအဆင့် အသက် (၁၀)နှစ်မှ (၁၅)နှစ်အထိ အမျိုးသမီး မဟာဂီတ အဆိုပြိုင်ပွဲတို့ကို နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ စိုက်ပျိုးရေးတက္ကသိုလ်စုဝေးခန်းမ၌ ဆက်လက်ကျင်းပရာ အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) တေးသံရှင်ဒေါ်တင်တင်မြနှင့် အဖွဲ့ဝင်များက ကြီးကြပ်၍ မဟာဂီတအဆို အကဲဖြတ်ခေါင်းဆောင် ဒေါ်သင်းသင်းမြတ်နှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

နံနက်ပိုင်းတွင် ဝါသနာရှင်(ပထမတန်း) အမျိုးသား မဟာဂီတ အဆိုပြိုင်ပွဲ၌ စိုးအမ္ဘုန်မျှူး(ပတ်ပျိုး) သီချင်းဖြင့် တနင်္သာရီတိုင်းမှ ဦးပြည့်ဖြိုးလင်း၊ ရခိုင်ပြည်နယ်မှ ဦးကိုကိုနိုင်၊ မန္တလေးတိုင်းမှ ဦးပို၊ ရန်ကုန်တိုင်းမှ ဦးတင်ဦးလှိုင်နှင့် ဦးစောဝင်း၊ ဧရာဝတီတိုင်းမှ ဦးကျော်ကျော်ဟန်နှင့် ပဲခူးတိုင်းမှ ဦးမင်းဟန်တို့က သီဆိုပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက် (၁၀)နှစ်မှ (၁၅)နှစ်အထိ အမျိုးသမီး မဟာဂီတ အဆိုပြိုင်ပွဲ၌ ညာသပြေဘောင်(ကြိုး) သီချင်းဖြင့် စစ်ကိုင်းတိုင်းမှ မဖြူနှင်းခိုင်(ခ) မြန်မာပြည်ဖိုလ်မ၊ မန္တလေးတိုင်းမှ မသက်ထားခင်၊ မွန်ပြည်နယ်မှ မအိသန္တာ၊ ရန်ကုန်တိုင်းမှ မနေဇင်နှင်းထက်၊ ကရင်ပြည်နယ်မှ မသဲနုအေး၊ ချင်းပြည်နယ်မှ မမေသူသူထွန်း၊ ပဲခူးတိုင်းမှ မခင်ဝတ်ရည်၊ ရခိုင်ပြည်နယ်မှ မပြည့်ပြည့်ဖြိုး၊ ရန်ကုန်တိုင်းမှ မစုယဉ်ထွန်း၊ မန္တလေးတိုင်းမှ မခင်စံပယ်၊ ကချင်ပြည်နယ်မှ မသက်ထားဖူး၊ ရှမ်းပြည်နယ်မှ မစန်းနီလာညိမ်းနှင့် ဧရာဝတီတိုင်းမှ မစုစုထက်အောင်တို့က သီဆိုပြိုင်ပွဲဝင်ကြသည်။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ခေတ်အကြိုက်တေး အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ်အထိ အမျိုးသား အဆိုပြိုင်ပွဲနှင့် ခေတ်အကြိုက်တေး ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီး အဆိုပြိုင်ပွဲတို့ကို နေပြည်တော် ရွာတော်ရှိ အမှတ်(၇) တည်းခိုရေးစခန်း သင်တန်းခန်းမဆောင်၌ ကျင်းပရာ ခေတ်အကြိုက်တေးအဆို အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မောင်သစ်မင်း၊ အတွင်းရေးမှူး ဦးဇော်ဌေးနှင့် အကဲဖြတ်အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ရှေးဦးစွာ နံနက် ၉ နာရီတွင် ခေတ်အကြိုက်တေး အခြေခံပညာအဆင့် အသက် (၁၅)နှစ်မှ (၂၀)နှစ်အထိ အမျိုးသား အဆိုပြိုင်ပွဲကို ကျင်းပရာ တေးရေး မြသန်းစံ၊ တေးဆို ခိုင်ထူး၏ "ငြိမ်းချမ်းရေးပန်းခင်း" သီချင်းဖြင့် ရခိုင်ပြည်နယ်မှ မောင်အေးကျော်၊ မွန်ပြည်နယ်မှ မောင်ရဲဝင်းအောင်၊ ကရင်ပြည်နယ်မှ မောင်ရာဇာအောင်၊ ပဲခူးတိုင်းမှ မောင်သီဟလင်း၊ ရန်ကုန်တိုင်းမှ မောင်ထွန်းပြည့်အောင်၊ စစ်ကိုင်းတိုင်းမှ မောင်ချမ်းဖြိုး၊ ရန်ကုန်တိုင်းမှ မောင်ဇော်နိုင်မိုး၊ မန္တလေးတိုင်းမှ မောင်ဝေယံပိုင်နှင့် မောင်ကျော်နိုင်နိုင်စိုး၊ ကချင်ပြည်နယ်မှ မောင်လတ်ရှောင်တို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

ထို့နောက် မွန်းလွဲ ၁ နာရီတွင် ခေတ်အကြိုက်တေး ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး အဆိုပြိုင်ပွဲကို ကျင်းပရာ တေးရေး တက္ကသိုလ်မြတ်သူ၊ တေးဆို ဆုန်သင်းပါရ်၏ 'လရောင်ဆမ်းမှ လန်းသောပန်း'သီချင်းဖြင့် ဧရာဝတီတိုင်းမှ ဒေါ်ချောစုစံ၊ ပဲခူးတိုင်းမှ မဝတ်ရည်ထွန်း၊ ကရင်ပြည်နယ်မှ မဇူလိုင်မြင့်၊ ရန်ကုန်တိုင်းမှ ဒေါ်နီလာ၊ မကွေးတိုင်းမှ မမြတ်ဆုငြိမ်း၊ မန္တလေးတိုင်းမှ မယဉ်မျိုးသန့်၊ ရန်ကုန်တိုင်းမှ မခင်မြသက်နှင်း၊ မန္တလေးတိုင်းမှ မသင်းသင်းခိုင်၊ ရှမ်းပြည်နယ်မှ မအယ်လ်နန်အောင်၊ တနင်္သာရီတိုင်းမှ ဒေါ်ယုဇနစိုး၊ စစ်ကိုင်းတိုင်းမှ မမီမီခိုင်၊ ရခိုင်ပြည်နယ်မှ ဒေါ်နှင်းဆီ၊ ကချင်ပြည်နယ်မှ ဒေါ်ဇာဇာထွန်း၊ ကယားပြည်နယ်မှ မအိအိဇော်နှင့် မွန်ပြည်နယ်မှ မဖြူဖြူအောင်တို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားနှင့် အခြေခံပညာအဆင့် အသက် (၁၀)နှစ်မှ (၁၅)နှစ်အထိ အမျိုးသမီး အကပြိုင်ပွဲတို့ကို နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရေဆင်းတက္ကသိုလ်နယ်မြေရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပြိုင်ပွဲကို အကအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးစိန်မာဒင်၊ အတွင်းရေးမှူး ဒေါ်မူမူခင်နှင့် အကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ဒိုင်များက ကြီးကြပ်အကဲဖြတ် အမှတ်ပေးကြသည်။

ရှေးဦးစွာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား အကပြိုင်ပွဲကို နံနက် ၉ နာရီတွင် ကျင်းပရာ ရန်ကုန်တိုင်းမှ မောင်မျိုးမြင့်အောင်၊ ပဲခူးတိုင်းမှ မောင်ဝင်းသူရိန်၊ ကယားပြည်နယ်မှ မောင်အောင်နိုင်ဦး၊ ရခိုင်ပြည်နယ်မှ ဦးလှမောင်ထွန်း၊ မွန်ပြည်နယ်မှ မောင်ချမ်းညီချမ်း၊ မကွေးတိုင်းမှ ဦးလွမ်းဇော်၊ တနင်္သာရီတိုင်းမှ မောင်ဝင်းချစ်(ခ)ဖိုးကျော်၊ ကရင်ပြည်နယ်မှ စောအဲဖိုးကျော်၊ ရန်ကုန်တိုင်းမှ မောင်စိုးသန်းထွန်း၊ မန္တလေးတိုင်းမှ မောင်ဆန်းလင်းချမ်း၊ ကချင်ပြည်နယ်မှ ဦးအောင်မြင့် (ခ) အောင်မျိုးထွန်း၊ ဧရာဝတီတိုင်းမှ ဦးစောမြမင်းစိုး၊ မန္တလေးတိုင်းမှ မောင်စိုင်းမောင်မောင်၊ စစ်ကိုင်းတိုင်းမှ မောင်ထက်ဝေ(ခ)ဆန်းခက်၊ ရှမ်းပြည်နယ်မှ ဦးမင်းမင်းထွန်းနှင့် ချင်းပြည်နယ်မှ မောင်အောင်ဆန်းပွင့်တို့ ဝင်ရောက်ကပြ ယှဉ်ပြိုင်ကြသည်။

ယင်းနောက် မွန်းလွဲ ၁ နာရီတွင် အခြေခံပညာအဆင့် အသက် (၁၀)နှစ်မှ (၁၅)နှစ်အထိ အမျိုးသမီး အကပြိုင်ပွဲကို ကျင်းပရာ မန္တလေးတိုင်းမှ မထက်ထက်စံ၊ ချင်းပြည်နယ်မှ မဇင်လမ်းညောင်၊ ရှမ်းပြည်နယ်မှ မခင်နှင်းဝေ၊ ပဲခူးတိုင်းမှ မမေမြတ်သွယ်၊ ကရင်ပြည်နယ်မှ နန်းလင်းစန္ဒာထွန်း၊ မွန်ပြည်နယ်မှ မမိုးမိုးသူဇာ၊ ကရင်ပြည်နယ်မှ နန်းလွန်းပိုးအိဖြူ၊ ကယားပြည်နယ်မှ မဇာဇာမြင့်၊ မွန်ပြည်နယ်မှ မသူဇာနွယ်၊ ကချင်ပြည်နယ်မှ မထက်ထက်မိုးလွင်(ခ)နိုင်းနိုင်း၊ တနင်္သာရီတိုင်းမှ မရွှေရည်ရတနာ၊ မန္တလေးတိုင်းမှ မသီရိမေ၊ ရန်ကုန်တိုင်းမှ မရွှမ(ခ)ရွှန်းလဲ့ရူပါမွန်၊ စစ်ကိုင်းတိုင်းမှ မဖြိုးကျော့ခိုင်၊ ပဲခူးတိုင်းမှ မသင်းနိုင်နိုင်စံ၊ မကွေးတိုင်းမှ မခင်ယင်းမာလွင်၊ ရှမ်းပြည်နယ်မှ မလွင်ထက်ထက်စံ၊ ရန်ကုန်တိုင်းမှ မအေးမြတ်နိုးခင်၊ ရခိုင်ပြည်နယ်မှ မမိမိစိုး၊ ကချင်ပြည်နယ်မှ မအိအိထွန်း၊ ကယားပြည်နယ်မှ မမြတ်ဆုမွန်၊ ဧရာဝတီတိုင်းမှ မကျော့ကျော့ခိုင်၊ တနင်္သာရီတိုင်းမှ မဆုသဥ္ဇာမြတ်နှင့် ဧရာဝတီတိုင်းမှ မဇင်မာအောင်တို့ ဝင်ရောက်ကပြ ယှဉ်ပြိုင်ကြသည်။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဝါသနာရှင် (ဒုတိယတန်း) အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော်ရေဆင်းတက္ကသိုလ်နယ်မြေရှိ သစ်တောသုတေသန စုဝေးခန်းမ၌ ကျင်းပရာ စန္ဒရားအတီးပြိုင်ပွဲ အကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးနီနီ ခေါင်းဆောင်သော အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြပြီး ရန်ကုန်တိုင်းမှ ဒေါ်ခင်စန်းလှိုင်၊ ရှမ်းပြည်နယ်မှ ဒေါ်ဥမ္မာနွယ်၊ ပဲခူးတိုင်းမှ မတင်ဇာအေးလွင်၊ ရန်ကုန်တိုင်း မှ ဒေါ်အေးသီတာလှိုင်နှင့် ဧရာဝတီတိုင်းမှ ဒေါ်တင်နီလာဝင်းတို့က စိန်ကြောင်နီလာ(ပတ်ပျိုး) သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် မွန်းလွဲ ၁ နာရီတွင် အခြေခံပညာအဆင့် အသက် (၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသား စန္ဒရားအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဧရာဝတီတိုင်းမှ မောင်လွှမ်းမိုးအောင်၊ ပဲခူးတိုင်းမှ မောင်လူမော်ဟိန်း၊ မန္တလေးတိုင်းမှ မောင်ကောင်းစည်သူ၊ မွန်ပြည်နယ်မှ မောင်သူရိန်ထွန်း၊ မန္တလေးတိုင်းမှ မောင်စိုင်းခေးမောင်၊ ရှမ်းပြည်နယ်မှ မောင်ဇေယျာလှိုင်ထွန်း၊ ရန်ကုန်တိုင်းမှ မောင်ဝိုင်းလမင်းအောင်နှင့် ရန်ကုန်တိုင်းမှ မောင်သန့်သူရဇော်တို့က မေတ္တာရွှေရည် ကာလပေါ်သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဝါသနာရှင် (ပထမတန်း) အမျိုးသား ဂီတာတီးပြိုင်ပွဲ၊ ဝါသနာရှင်(ပထမတန်း) အမျိုးသမီး ဂီတာတီးပြိုင်ပွဲ၊ အခြေခံပညာအဆင့် အသက် (၁၅)နှစ်မှ (၂၀)နှစ်အထိ အမျိုးသား၊ အမျိုးသမီး ဂီတာတီးပြိုင်ပွဲနှင့် အခြေခံပညာအဆင့် အသက် (၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသား၊ အမျိုးသမီး ဂီတာတီးပြိုင်ပွဲများကို နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရေဆင်းတက္ကသိုလ်နယ်မြေရှိ စိုက်ပျိုးရေးတက္ကသိုလ်ခန်းမ၌ ဆက်လက်ကျင်းပရာ ဂီတာအကဲဖြတ်အဖွဲ့ခေါင်းဆောင် ဂီတာဖေဝင်းနှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

နံနက်ပိုင်းတွင် ဝါသနာရှင်(ပထမတန်း) အမျိုးသား ဂီတာတီးပြိုင်ပွဲ၌ တောမြိုင်ခြေလှမ်း (ယိုးဒယား) သီချင်းဖြင့် မွန်ပြည်နယ်မှ ဦးသိန်းနိုင်၊ ရန်ကုန်တိုင်းမှ ဦးမြင့်ကြည်၊ မန္တလေးတိုင်းမှ ဦးသိန်းဝင်း၊ ပဲခူးတိုင်းမှ ဦးသန်းနှင့် ရန်ကုန်တိုင်းမှ ဦးလှမြင့်တို့က တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

ဝါသနာရှင် (ပထမတန်း) အမျိုးသမီး ဂီတာတီးပြိုင်ပွဲတွင် စိန်ချယ်ဖြာရောင်လင်း(ကြိုး) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မနွေဇင်ဝင်း၊ ပဲခူးတိုင်းမှ ဒေါ်ခိုင်ခိုင်မြင့်နှင့် ဧရာဝတီတိုင်းမှ ဒေါ်ဥမ္မာတို့က တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက် (၁၅)နှစ်မှ (၂၀)နှစ်အထိ အမျိုးသား ဂီတာတီးပြိုင်ပွဲ၌ ကန္တာတောခြေ(ယိုးဒယား) သီချင်းဖြင့် ကချင်ပြည်နယ်မှ မောင်ဖြိုးမင်းဇော်၊ ရန်ကုန်တိုင်းမှ မောင်ထက်ကိုကိုလင်းနှင့် မောင်စည်သူထက်အောင်၊ ဧရာဝတီတိုင်းမှ မောင်အောင်နိုင်စိုးတို့က တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

အခြေခံပညာအဆင့် အသက် (၁၅)နှစ်မှ (၂၀)နှစ်အထိ အမျိုးသမီး ဂီတာတီးပြိုင်ပွဲတွင် တီးယွန်းအောင်စည်(ကြိုး) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မလဲ့လဲ့ဝင်း၊ ပဲခူးတိုင်းမှ မဖြိုးဖြိုးလင်းနှင့် ရန်ကုန်တိုင်းမှ မမိုးအိကြည်သူဆန်းတို့က တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

အခြေခံပညာအဆင့် အသက် (၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသား ဂီတာတီးပြိုင်ပွဲတွင် သီတာ(ကြိုး) သီချင်းဖြင့် ပဲခူးတိုင်းမှ မောင်သာထူးစံ၊ ရန်ကုန်တိုင်းမှ မောင်ပိုင်ဟိန်းကျော်၊ မန္တလေးတိုင်းမှ မောင်မျိုးနိုင်ဦးနှင့် ရန်ကုန်တိုင်းမှ မောင်စောစကြာအောင်တို့က တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

အခြေခံပညာအဆင့် အသက် (၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသမီး ဂီတာတီးပြိုင်ပွဲတွင် မေတ္တာ(ကာလပေါ်) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မခင်ပြည့်စုံအောင်နှင့် မသက်ထားဝေ၊ ပဲခူးတိုင်းမှ မမြသြဘာခင်တို့က တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဝါသနာရှင် (ဒုတိယတန်း) အမျိုးသား နှဲပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ အကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးစဘဌေး ခေါင်းဆောင်သော အကဲဖြတ်အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြပြီး ပန်းညောင်လှိုင်ဖွဲ့(ယိုးဒယား) သီချင်းဖြင့် စစ်ကိုင်းတိုင်းမှ ဦးဝင်းမင်းသန့်၊ ရန်ကုန်တိုင်းမှ ဦးထွန်းထွန်းဦး၊ ပဲခူးတိုင်းမှ ဦးခင်ညွန့်၊ ရန်ကုန်တိုင်းမှ မောင်ကျော်ခိုင်ဘွား၊ ရခိုင်ပြည်နယ်မှ ဦးဝင်းမောင်မောင်စိန်၊ မကွေးတိုင်းမှ ဦးမင်းဆွေ၊ မန္တလေးတိုင်းမှ ဦးပေါစံ၊ ဧရာဝတီတိုင်းမှ ဦးမျိုးမင်းသန့်နှင့် မန္တလေးတိုင်းမှ မောင်စည်သူမျိုးတို့ ပြိုင်ပွဲဝင်ကြသည်။

ယင်းနောက် မွန်းလွဲ ၁ နာရီတွင် နှဲပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသား နှဲပြိုင်ပွဲ၌ ဂန္ဓမာရိပ်သာ(ပတ်ပျိုး) သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်စိုးမင်းသူနှင့် မောင်ဖြိုးကိုကို၊ ရန်ကုန်တိုင်းမှ မောင်ညွန့်အောင်တို့ ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ ဝါသနာရှင် (ပထမတန်း) အမျိုးသား နှဲပြိုင်ပွဲတွင် တောင်ဇမ္ဗူပိုင်(ယိုးဒယား) သီချင်းဖြင့် ရခိုင်ပြည်နယ်မှ ဦးခင်မောင်ယဉ်၊ ရန်ကုန်တိုင်းမှ ဦးစိန်မောင်အိ၊ မန္တလေးတိုင်းမှ ဦးစန်းလွင်၊ ရန်ကုန်တိုင်းမှ ဦးလှဌေး၊ မကွေးတိုင်းမှ ဦးထွန်းကြိုင်၊ စစ်ကိုင်းတိုင်းမှ ဦးဇေယျာပြည့်၊ ပဲခူးတိုင်းမှ ဦးတင်မြင့်နှင့် မန္တလေးတိုင်းမှ ဦးတာနော‌တို့ ပြိုင်ပွဲဝင်ကြသည်။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဆိုင်း(အဖွဲ့လိုက်) ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား ပြိုင်ပွဲကို နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရေဆင်းတက္ကသိုလ်နယ်မြေရှိ စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ အတီးပြိုင်ပွဲ အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးရည်နွယ်နှင့် အဖွဲ့ဝင်များက ကြီးကြပ်လျက် ဆိုင်းအတီးအကဲဖြတ်ခေါင်းဆောင် ဦးစိန်စတင်းနှင့် အကဲဖြတ်အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။

နံနက်ပိုင်းတွင် မန္တလေးတိုင်းမှ ဦးကောင်းသန့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မြို့တော်အေးမင်းအောင်အဖွဲ့၊ မကွေးတိုင်းမှ ဦးကျော်ကျော်မိုးအဖွဲ့နှင့် မန္တလေးတိုင်းမှ ဗိုလ်ဗိုလ်သိန်းအဖွဲ့တို့ ပြိုင်ပွဲဝင်တီးခတ်ကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းမှ ဦးဟိန်းရာဇာအဖွဲ့၊ စစ်ကိုင်းတိုင်းမှ ဦးစိုင်းဗိုလ်အဖွဲ့နှင့် ပဲခူးတိုင်းမှ တံခွန်မြတ်ဇင်အောင်အဖွဲ့တို့ ပြိုင်ပွဲဝင် တီးခတ်ကြသည်။ (သတင်းစဉ်)





(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ပြဇာတ်ပြိုင်ပွဲတွင် လူငယ်အားမာန်မိုးယံဆီသို့ခေါင်းစဉ်ဖြင့် ကရင်ပြည်နယ်ကိုယ်စားပြု ပြဇာတ်အဖွဲ့ ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

## "လူငယ်အားမာန် မိုးယံဆီသို့" ခေါင်းစဉ်ဖြင့် ကရင်ပြည်နယ်ပြဇာတ်အဖွဲ့ ပါဝင်ယှဉ်ပြိုင်တင်ဆက်

နေပြည်တော် အောက်တိုဘာ ၁၈

**(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ပြဇာတ်ပြိုင်ပွဲ ဒုတိယပွဲစဉ်ကို ယမန်နေ့ည ၉ နာရီတွင် နေပြည်တော် ရေဆင်းတက္ကသိုလ် နယ်မြေရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ "လူငယ်အားမာန် မိုးယံဆီသို့"ခေါင်းစဉ်ဖြင့် ကရင်ပြည်နယ်ပြဇာတ်အဖွဲ့က ပါဝင်ယှဉ်ပြိုင်တင်ဆက်သည်။**

အဆိုပါပြိုင်ပွဲတွင် ကရင်ပြည်နယ် ကိုယ်စားပြု ပြဇာတ်အဖွဲ့၌ ဦးထွန်းမြင့် (ဇင်မိုးနှောင်း)က ကြီးကြပ်၍ ပြည်နယ်မောင်မောင်က ဒါရိုက်တာနှင့် ဇာတ်ညွှန်းရေးသားပြီး ဦးထွန်းမြင့် (ဇင်မိုးနှောင်း)က ရသသံစဉ် ဇာတ်ဝင်တေးတို့ဖြင့် တန်ဆာဆင် အလင်္ကာမြောက် ဖော်ကျူးကာ ဂီတမှူး ဦးဇော်လင်းနှင့် ရွှာစား ပြည်နယ်စိန်တိုး ဆိုင်းအဖွဲ့နှင့် တွဲဖက်၍ ခေါင်းဆောင်မင်းသား အုန်းမျိုးဆင့် ဦးဆောင်သောအဖွဲ့က သရုပ်ဆောင်ယှဉ်ပြိုင်တင်ဆက်ကြသည်။

အဆိုပါ ပြဇာတ်ပြိုင်ပွဲ ဒုတိယပွဲစဉ်သို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး၊ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုး၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ တာဝန်ရှိသူများ၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနုပညာကို ချစ်မြတ်နိုးကြသောပြည်သူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

(သတင်းစဉ်)

▲ **ကျောဖုံးမှ**

လုပ်ငန်းများကိုလည်း တစ်နိုင်တစ်ပိုင်သာမက စီးပွားဖြစ် မွေးမြူထားကြသည်ကို တွေ့မြင်ရသည်။

လေဘေးသင့်ဒေသများ၏ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများကို အဆင့်သုံးဆင့်ဖြင့် ကဏ္ဍအလိုက် ဆောင်ရွက်နေရာ ပထမအဆင့်ဖြစ်သည့် အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများဖြစ်သော လတ်တလောစားဝတ်နေရေး၊ ဆေးဝါးကုသစောင့်ရှောက်ရေးနှင့် အမိုးအကာအောက် ရောက်ရှိရေးမှာ ပြီးစီးခဲ့ပြီး ဒုတိယအဆင့်ဖြစ်သော ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ပျက်စီးသွားသော မြို့ပြ၊ ကျေးရွာများ ပြန်လည်ထူထောင်ရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ပြုစုထူထောင်ရေး၊ လမ်းပန်းဆက်သွယ်မှုများ ပြန်လည်ကောင်းမွန်ရေးနှင့် တတိယအဆင့်ဖြစ်သော နောင်ကာလများ၌ သဘာဝဘေးဒဏ်မှ ကာကွယ်နိုင်ရေးအတွက် အရံအတားများ၊ ခိုလှုံရာနေရာများ တည်ဆောက်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင်လည်း အချိန်ကာလ သတ်မှတ်၍ အစီအစဉ်အလိုက် စီမံဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

အဆိုးမြင်ဝါဒီတို့ကား လေဘေးသင့်ပြည်သူများ လမ်းဘေးတစ်လျှောက်နှစ်ပေါက်ထွက်၍ အလှူခံနေကြသည်သာ တွေ့လို၊ မြင်လိုကြ၏။ ရေရှည်စားဝတ်နေရေးအတွက် မြို့ပြ၊ ကျေးရွာများ ပြန်လည်ထူထောင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ပြုစုပျိုးထောင်ပေးခြင်း လုပ်ငန်းများ ဆက်လက်စီမံဖော်ဆောင်ပေးနေမှုကို လိုလားခြင်းရှိဟန်မတူကြပေ။ ကိုယ်တိုင်ပါဝင်ကူညီခြင်းမရှိရုံမျှမက လေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်က စီမံဖြည့်ဆည်းဆောင်ရွက်နေမှုများကိုလည်း မလိုမုန်းထားပြီး အနှောင့်အယှက်အမျိုးမျိုး ပြုလျက်ရှိနေသည်။

ယခုအခါ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့၏ ပေါင်းစည်းညီညွတ်မှု၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ကူညီပံ့ပိုးမှုတို့အပြင် ရိုးသားကြိုးစား ဧရာဝတီသားတို့၏ လေ့ခွက်ချည်းကျန်၊ အလံမလှဲသောစိတ်ဓာတ်တို့ကြောင့် ဧရာသားတို့ တစ်ကျော့ပြန်နိုးထလာခဲ့ချေပြီ။

ဖျာပုံမြို့ ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အောင်မြင်နေမှုတို့နှင့်စပ်လျဉ်း၍ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြကြိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ "ဖျာပုံမြို့နယ်အပါအဝင် ဖျာပုံခရိုင်အတွင်း အခု လယ်ယာကဏ္ဍ၊ ရေလုပ်ငန်းကဏ္ဍမှာ ပုံမှန်ပြန်လည်ပတ်နိုင်ပြီး ဆန်စပါးအပါအဝင် ရေထွက်ပစ္စည်းတွေကို ရန်ကုန်နဲ့ မြို့နယ်အရပ်ရပ်သို့ ပုံမှန်တင်ပို့နိုင်နေပါပြီ။ ဆားလုပ်ငန်းတွေလည်း သူ့ရာသီချိန်ရောက်ရင် လုပ်ငန်းပြန်လည်ပတ်နိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။

လယ်ယာကဏ္ဍပြန်လည်ထူထောင်ရေးအတွက် ဖျာပုံမြို့နယ်မှာ အထွက်ကောင်း နှံ့ကား၊ ဆား ငန်ခံနဲ့ ရာသီသက်ကြီးမျိုးစပါး ၂၄၅၇၂၅ တင်း၊ ထွန်ယက်ဆီ ဂါလန် ၅၆၈၀၀ နဲ့ လယ်ယာ(၂၂)၊ လယ်ယာ(၁၆)၊ ဧရာ(၁) စတဲ့ လက်တွန်းထွန်စက်စီးရေ ၃၂၀၊ ကျွဲ ၃၉၃ ကောင်၊ နွားကောင်ရေ ၁၃၀၊ ဓာတ်မြေဩဇာအမျိုးမျိုးကို ဖြန့်ဖြူးပေးခဲ့ပါတယ်။ စိုက်ပျိုးစရိတ်ချေးငွေအနေနဲ့ တောင်သူ ၆၉၄၆ဦး၊ ဧကပေါင်း ၅၇၈၂၅ ဧကအတွက် ငွေကျပ် ၄၆၂၆၀၀၀၀၀ ထုတ်ချေးပေးခဲ့ပါတယ်။

ဒါကြောင့် ၂၀၀၈-၂၀၀၉ ခုနှစ် မိုးစပါးလျာထား ဧက ၂၀၃၈၃၀ ဧကအနက် ၁၉၇၇၆၁ ဧက စိုက်ပျိုးပြီးစီးခဲ့ပြီး ၉၇ရာခိုင်နှုန်းကျော် စိုက်ပျိုးပြီးဖြစ်ပါတယ်။ ကျန်ဧကများကိုလည်း ဆက်လက်စိုက်ပျိုးလျက်ရှိပါတယ်။ ဆန်စက်များ ပြန်လည်လည်ပတ်နိုင်မှုအဖြစ် (၁၅)တန်အထက် ဆန်စက် ၂၃ လုံးနဲ့ ဟာလာစက် ၁၈၂ လုံးတို့ လည်ပတ်လျက်ရှိပါတယ်။

ရေလုပ်ငန်းအနေနဲ့ ဖျာပုံမြို့နယ်အတွက် လှေစင်းရေ ၁၀၀၀၊ စက် ၃၈၈ လုံး၊ ကျားပိုက်၊ ငါးသလောက်ပိုက်၊ ဘောသီး၊ ငါးပုတ်သင် သုံးထပ်ပိုက်၊ ဂေါ်ထိုးပိုက်၊ ကွင်းတား မီတာလေးရာ သောင်ဆွဲပိုက်၊ကွန်၊ ဘဝင်းပိုက်နဲ့ ငါးလက်မ ငါးမုတ်ပိုက်တို့ကို ဖြန့်ဖြူးပေးခဲ့ပါတယ်။

ဒါကြောင့် မြို့နယ်အတွင်းက လေဘေးသင့်ပြည်သူတွေ ပုံမှန်အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေကို ပြန်လည်လုပ်ကိုင်နိုင်ကြပါပြီ။ အခြားပြန်လည်ထူထောင်တည်ဆောက်ရေး လုပ်ငန်းတွေကိုလည်း အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ဖျာပုံမြို့အပါအဝင် ကျေးရွာတိုင်းဟာ ပုံမှန်အခြေအနေကို ပြန်ရောက်နေကြပါပြီ။

နိုင်ငံတော်က တောင်သူတွေ စပါးပေါ်ချိန်မတိုင်မီ စားနပ်ရိက္ခာ အခက်အခဲမရှိအောင် လိုအပ်တာတွေ ထောက်ပံ့ပေးထားပါတယ်။ ဒါကြောင့် အခု ကြားကာလမှာ စားနပ်ရိက္ခာအတွက် အခက်အခဲမရှိကြပါဘူး။ မကြာမီ စပါးပေါ်တော့မှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

မိမိတို့ သတင်းအဖွဲ့ဝင်များသည် ဖျာပုံမြို့ ကျုံကူကျေးရွာသို့ ရောက်ရှိကြပြီး လယ်သမား မောင်ဝကြီးနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ "လယ်ယာအလုပ်ကို ကျွန်တော် ၁၈ နှစ်သားကတည်းက စလုပ်ခဲ့ပါတယ်။ အခု ဆင်းသွယ်လတ်မျိုး ၁၀ ဧကနဲ့ ပေါ်ဆန်းဘေးကြား ငါးဧက စိုက်ပျိုးထားပါတယ်။ အောင်မြင်ဖြစ်ထွန်းမှုကတော့ မြင်တဲ့အတိုင်း စပါးတွေ သီးကင်းလိုက်နေကြပါပြီ။ လယ်မြေတွေ ထင်သလောက် မပျက်စီးခဲ့ပါဘူး။ နိုင်ငံတော်က ထောက်ပံ့တဲ့ မျိုးစပါး တင်း ၂၀ နဲ့ ထွန်ယက်ဆီဂါလန် ၃၀ ကျွန်တော် ရရှိခဲ့ပါတယ်။ ဓာတ်မြေဩဇာ၊ ထွန်စက်နဲ့ ကျွဲ၊ နွားတွေလည်း ထောက်ပံ့ပေးပါတယ်။ ရွာနီးချုပ်စပ်က တောင်သူတွေလည်း လယ်ယာစိုက်ပျိုးရေးအတွက် အထောက်အပံ့တွေ အများကြီးရကြပါတယ်။ စိုက်ပျိုးတဲ့နေရာမှာလည်း အောင်မြင်ဖြစ်ထွန်းကြတယ်လို့ ကြားသိရပါတယ်"ဟု ပြောကြားသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဖျာပုံအော်တိုအိတ်ချိန်းရုံးသို့ ကျွန်တော်တို့ရောက်ရှိကြရာ ဖျာပုံခရိုင် တာဝန်ခံ လက်ထောက်အင်ဂျင်နီယာ ဦးမျိုးဇော်ဦးက "မေ ၆ ရက်နေ့ နံနက် ၁၀ နာရီမှာ ဖျာပုံ အိတ်ချိန်းကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး တစ်လအတွင်း ဖုန်းလိုင်းအားလုံးနီးပါး ပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အခုပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက မြေအောက်ကေဘယ်ကွဲအက်ပြီး ရေဝင်သွားတဲ့အတွက် ဖျာပုံမြို့ပေါ်မှာရှိတဲ့ ဖုန်းလိုင်း ၁၂၀ အနက် ၂၉ လိုင်း ချို့ယွင်းသွားခဲ့ပါတယ်။ အဲဒါကြောင့် ကေဘယ်အစားထိုးဆက်သွယ်ခြင်း၊ အသစ်လဲလှယ်ပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့ရတဲ့အတွက် အခုဆိုရင် ဖျာပုံမြို့နယ်အတွင်းမှာရှိတဲ့ ဖုန်းလိုင်း ၇၅၀ လုံး ကောင်းမွန်စွာ ဆက်သွယ်နိုင်ပါပြီ"ဟု ပြောကြားသည်။

မိမိတို့ ဖျာပုံမြို့၌ တစ်ညတာ နားခိုခဲ့ရာ ညပိုင်းတွင် မြို့တွင်းရှိ ဈေးဆိုင်တချို့သို့ လိုအပ်သည်များ ထွက်ဝယ်ယူရင်း ရောင်းပန်းဝယ်ပန်း အခြေအနေနှင့်စပ်လျဉ်း၍ မေးမြန်းကြည့်ရာ ဆိုင်ရှင်များက "ကျေးရွာတွေကဖောက်သည်တွေ မြို့ပေါ်ကို အရင်ကလောက် လာပြီးဈေးမဝယ်ကြတော့ဘူး။ ဘာကြောင့်လည်းဆိုတော့ နိုင်ငံတော်နှင့် ပြည်တွင်းပြည်ပက စေတနာရှင်၊ အလှူရှင်တွေ ထောက်ပံ့လှူဒါန်းတဲ့ပစ္စည်းတွေက အလုံအလောက်ရနေတော့ မြို့ပေါ်တက်ပြီး ဈေးဝယ်ဖို့ မလိုကြတော့ဘူးလေ။ မုန်တိုင်းမတိုက်ခင်ကဆိုရင်တော့ မြို့ပေါ် ခဏခဏတက်ပြီး ဈေးလာဝယ်ကြတဲ့အတွက် ရောင်းလို့ဝယ်လို့ကောင်းခဲ့တယ်"ဟု ပြောကြားသည်။

မိမိတို့ ဖျာပုံမြို့မှ ပြန်လည်ထွက်ခွာခဲ့ကြရာ လမ်းတစ်လျှောက်ရှိ ဆန်စက်ကြီးများကို မီးခိုးတလူလူဖြင့် လှမ်းမြင်တွေ့နေရသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပုံမှန်ပြန်ဖြစ်လာသည်နှင့်အမျှ ဧရာဝတီတိုင်းမှ နာမည်ကျော် ဖျာပုံပေါ်ဆန်းမွှေးသည်လည်း အမြို့မြို့ အနယ်နယ်သို့ ရောက်ရှိပြီး နိုင်ငံအနှံ့ ဂုဏ်သတင်း ဆက်လက်သင်းပျံ့နေမည်သာဖြစ်ပါကြောင်း ယုံကြည်နေမိပါတော့သည်။ ။

❁ **ကမ္ဘာလှည့်မှ**

မြင်းကပါရွာတွင် အများဆုံးလုပ်ကိုင်နေပြီး ပုဂံမြို့သစ်နှင့် ညောင်ဦးမြို့တို့တွင်လည်း လုပ်ကိုင်သူများရှိကြောင်း သိရသည်။

ပုဂံဒေသသို့ လာရောက်လည်ပတ်ကြသော ကမ္ဘာလှည့်ခရီးသည်များမှာ ပုဂံဒေသထွက် ယွန်းထည်ပစ္စည်းများကို ဒေသထွက်ကုန်အဖြစ် အမှတ်တရ ဝယ်ယူကြကြောင်း၊ ညောင်ဦးမြို့နယ် ဝက်ကြီးအင်းရပ်ကွက် ပုဂံ-ညောင်ဦးလမ်းမကြီးရှိ (1517) မြန်မာ့လက်မှုပစ္စည်းဆိုင်မှ သိရှိရသည်။ ယင်းဆိုင်တွင် ယွန်းထည်ပစ္စည်းများ၊ ရွှေချည်ထိုး၊ ရုပ်သေး၊ ပန်းချပ်၊ ချည်ထည်များနှင့် မြန်မာ့လက်မှုပစ္စည်းစုံကို တွေ့ရသည်။

ဈေးကွက်အနေအထားနှင့် ပတ်သက်၍ (1517) မြန်မာ့လက်မှုပစ္စည်းဆိုင်မှ ကိုမျိုးမင်းဦးက "ယွန်းထည်ပစ္စည်းများကို နိုင်ငံခြားသားများ အကြိုက်တွေ့ကြပါကြောင်း၊ ပုဂံဒေသကို လာလည်ရင်း ဝယ်ယူသွားတာမျိုးရှိသလို အော်ဒါမှာသွားတာလည်းရှိပါကြောင်း၊ နိုင်ငံခြားသားများ အဓိကဝယ်ယူသွားတာမှာ ၎င်းတို့ပြန်အသုံးပြုနိုင်သည့် ရေခွက်နှင့် ပန်းကန်ပြားတို့များကြောင်း၊ ထို့အပြင် ပန်းပု၊ ပန်းချပ်များကိုလည်း ဝယ်ယူတာမျိုးလည်း ရှိပါကြောင်း၊ ယွန်းထည်ပစ္စည်းများကို ဝယ်ယူတာများသည်မှာ ဥရောပနိုင်ငံများဖြစ်ကြောင်း" ပြောပြသည်။

ခေတ်စနစ် ပြောင်းလဲလာသည့်အလျောက် ယွန်းထည်လုပ်ကိုင်မှုနည်းစနစ်များမှာလည်း ပြောင်းလဲလာပြီး ယခုယွန်းထည် ပစ္စည်းများမှာ ပိုမိုတာရှည်ခံလာကြောင်း သိရသည်။ ယခင်က မြေနီသုံးပြီး ပြုလုပ်သည့်အတွက် မြေနဲ့ဝါးတို့ တွေ့သည့်အခါတွင် အဆွေးမြန်ပြီး ယခုအဝတ်ကိုအစားထိုး သုံးထားသလို သစ်စေးအကြိမ်ကြိမ် သုတ်လိမ်းမှု၊ တံခါက်ဖြင့် ပြန်ရိတ်မှုတို့ကြောင့် ပစ္စည်းပိုကုန်သော်လည်း ပိုမိုတာရှည်ခံလာသလို ပိုမိုကောင်းမွန်လာခဲ့သည်။ ထို့ပြင် ယွန်းထည်ပစ္စည်းကောင်းကောင်းရရန် ငါးလ၊ ခြောက်လကြာပြုလုပ်ရပြီး ပစ္စည်းတစ်ခုသာမက အခုရာကျော်ပြုလုပ်လျှင်လည်း ယင်းအချိန်အတိုင်းကြာမြင့်နိုင်သည်ဟု ယွန်းထည်လုပ်ကိုင်သူတစ်ဦးက ပြောပြသည်။

ပုဂံညောင်ဦးဒေသသည် ကမ္ဘာလှည့် ခရီးသည်များကို ယဉ်ကျေးမှုအမွေအနှစ်များသာမက ရယူဖွယ်လက်မှုပစ္စည်းများကလည်း ဆွဲဆောင်နေပါကြောင်း။

(ကြေးမုံ)

❖ **မိုဘိုင်းဖုန်းမှ**

သုံးစွဲနေသူများက ၎င်းတို့၏အမူအကျင့်ကို စွန့်လွှတ်ရန် ဆင်ခြေပေးကြမည်ဖြစ်ကြောင်း အောက်တိုဘာ ၁၆ရက် အင်တာနက်သတင်းတစ်ခုတွင် ဖော်ပြထားသည်။

မိုဘိုင်းဖုန်းကြောင့် အရေပြားရောင်ရမ်းခြင်းသည် ဖုန်း၏ နီကယ်မျက်နှာပြင်နှင့် ဖုန်းသုံးစွဲသူ၏အရေပြား ဓာတ်မတည့်ခြင်းကြောင့်ဖြစ်သည်ဟု ဆရာဝန်များက အခိုင်အမာပြောကြားသည်။ သာဓကအားဖြင့် ဖော်ပြထားသည့်ဖြစ်ရပ်များတွင် အမေရိကန်ပြည်ထောင်စုမှ ၁၈ နှစ်အရွယ် အမျိုးသားတစ်ဦး၊ ဩစတြီးယားမှ ၁၉ နှစ်အရွယ် အမျိုးသမီးတစ်ဦးနှင့် စကော့တလန်မှ ၁၄ နှစ် အရွယ်အမျိုးသမီးတစ်ဦးတို့ပါဝင်သည်။ သိပ္ပံပညာရှင်များက မိုဘိုင်းဖုန်းသုံးစွဲသူများအား ကျန်းမာရေးအတွက် အန္တရာယ်ဖြစ်နိုင်သည်မှာ နှစ်အတော်ကြာမှဖြစ်နိုင်ကြောင်း လွန်ခဲ့သောလကတိုက်တွန်းသတိပေးပြီးနောက် ယခုသတိပေးမှု ထွက်ပေါ်လာခြင်းဖြစ်သည်။

သို့သော်လည်း ကလေးငယ်များနှင့်အမျိုးသမီးများတွင် မိုဘိုင်းဖုန်းကြောင့် အရေပြားရောင်ခြင်း ရောဂါအန္တရာယ် ပိုမိုဖြစ်ပွားနိုင်သည်။

နီကယ်စိမ်ထားသော ခါးပတ်ခေါင်း(သို့မဟုတ်) လက်ဝတ်ရတနာများကြောင့် အရေပြားရောဂါဖြစ်ပွားခြင်းထက် သတ္တုဖုန်းများကြောင့် အရေပြားအန္တရာယ်ဖြစ်ပွားမှုက ပို၍ကြီးမားကြောင်း ဗြိတိန်အရေပြားအထူးကုဆရာဝန်များအသင်းမှ ဒေါက်တာဂရေဟမ်လိုးက ပြောကြားသည်။

မိုဘိုင်းဖုန်း ဓာတ်မတည့်ရောဂါဖြစ်ပွားသည့်အခါ အရေပြားပေါ်တွင် အနီရောင် အဖုအပိန့်များ အထူးသဖြင့် နားရွက်(သို့မဟုတ်) ပါးပြင်ပေါ်တွင် ဖြစ်ပွားလေ့ရှိသည်။ ဖုန်း၏ သတ္တုအစိတ်အပိုင်းနှင့် ထိစပ်မှုများသည်အရေပြားတွင် ဖြစ်ပွားမှုပို၍များသည်။ အချိန်များစွာကိုင်၍ အသုံးပြုသောလက်ချောင်းများတွင်လည်း အရေပြားရောင်ရမ်းခြင်းအဖြစ်များသည်။

ယခုနှစ်အစောပိုင်းက ထုတ်ဝေသောလေ့လာမှုတစ်ခုတွင် အမေရိကန်ပြည်ထောင်စုရှိ ဆရာဝန်များက ကုမ္ပဏီရှစ်ခုမှထုတ်လုပ်သော နာမည်ကြီး လက်ကိုင်ဖုန်း ၂၂ မျိုးကို စမ်းသပ်စစ်ဆေးခဲ့ရာ ၁၀မျိုးတွင် နီကယ်ပါဝင်ကြောင်း တွေ့ရှိရသည်ဟုဆိုသည်။

ဘရောင်းတက္ကသိုလ်မှ ဒေါက်တာလီနယ်ဘာကိုဗစ်ကမူ လက်ကိုင်ဖုန်းများ၏ တစ်ဝက်နီးပါးကို စမ်းသပ်စစ်ဆေးခဲ့ရာ အချို့တွင်သာ နီကယ်ပါဝင်မှု ကင်းလွတ်သည်ဟု တွေ့ရှိရသည်ဟုဆိုသည်။

လက်ကိုင်ဖုန်းများကို ကြာရှည်စွာ အသုံးပြုခြင်းကြောင့် သုံးစွဲသူ၏ မျက်နှာအရေပြား၌ အဖုအပိန့်များနှင့် အရေပြားရောဂါများဖြစ်လာပါက ဆရာဝန်များထံမှ အကြံဉာဏ်များ ရယူကုသကြရန် ဗြိတိန်နိုင်ငံအရေပြားအထူးကုသမားတော်ကြီးများအသင်းက အကြံပေးထားပေသည်။





## မြန်မာ့အာမခံလုပ်ငန်း အာစရိယပူဇော်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၈**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် သက်ကြီး အငြိမ်းစားဝန်ထမ်းများအား သက်ကြီးပူဇော်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၆ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်) စုပေါင်းခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်နှင့် အရာထမ်း၊ ဝန်ထမ်းများက အသက်(၇၀)နှင့်အထက် သက်ကြီးအငြိမ်းစား အရာထမ်း၊ ဝန်ထမ်းများအား ကန်တော့ကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ ကန်တော့ခံ သက်ကြီးအငြိမ်းစား အရာထမ်း၊ ဝန်ထမ်း ၁၉၅ ဦး အတွက် လှူဒါန်းငွေ ကျပ် ၂၁၈၅၀၀၀ လှူဒါန်းခဲ့သည်။

(သတင်းစဉ်)

## ဖလားဝါးနယူးစ်ဂျာနယ် ဖြန့်ချိ

**ရန်ကုန် အောက်တိုဘာ ၁၈**

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄) အမှတ်(၄၁) ၌ စုပေါင်းတာဝန်ယူစနစ်ဖြင့် မတ်ပဲစိုက်တောင်သူများကို အတိုးမဲ့ ငွေချေးမည်၊ နို့မှုန့်ကြောင့် ဆေးရုံတက် ကုသရသောကလေးများ မြန်မာနိုင်ငံတွင် မရှိသေး၊ အိန္ဒိယနှင့်တရုတ်၏ စားနပ်ရိက္ခာအခက်အခဲကြောင့် မြန်မာ့စားသောက်ကုန်လုပ်ငန်းများ အမြန်ဖွံ့ဖြိုးလာမည်၊ ခရီးသွားလာမှုလုံခြုံရေးအတွက် ခရီးသည်တင်ယာဉ်များနှင့် တက္ကစီများကို စစ်ဆေးမှုတိုးမြှင့်၊ ဂျပန်အိုင်တီကုမ္ပဏီတစ်ခု မြန်မာနိုင်ငံတွင် ရုံးခွဲဖွင့်ရန်စီစဉ်နေ၊ အိုင်တီကျွမ်းကျင် မြန်မာလူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းသစ်များရရှိနိုင်၊ ရန်ကုန်မြို့တွင်း မျက်လှည့်ပြဆေးရောင်းချမှုများရှိနေ၊ မြန်မာ့သိပ္ပံဝိဇ္ဇာအရသာ အိန္ဒိယပညာရှင်က ချီးကျူး၊ မြန်မာ့ဟင်းသီးဟင်းရွက်များ ကိုရီးယားကဝယ်တော့မည်၊ မယ်လမင်းပါ နို့မှုန့်ခုနစ်မျိုး ထပ်မံစစ်ဆေးတွေ့ရှိ၊ ခွင့်ပြုချက်မရရှိဘဲ သုံးစွဲထားသော ထန်းရွက်ပုတီးသီချင်းကိစ္စ ရွာစားကြီး(ဦး)စိန်တင်ဟန်၏ မိသားစုက ရှင်းလင်း၊ မုန်တိုင်းသင့်ဒေသအမျိုးသမီးများကိုယ်ပိုင်လုပ်ငန်းဖြင့် ရပ်တည်နိုင်ရန်ကူညီမည် စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ ဂျပန်ရှိဆွေမျိုးထံ အလည်သွားသူများ ဗီဇာလျှောက်ရာတွင် ဒါတွေသိစေချင်၊ 'တစ်ပတ်ထဲမှာပြောစရာ' ကဏ္ဍ၊ မြောက်ပိုင်းချင်းတောင်ရဲ့ အမှတ်တရပုံရိပ်များ. . . ခရီးသွားရသ သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

'ကျွန်တော်တို့ရဲ့ လုပ်ဆောင်မှုတွေဟာ တရားနည်းလမ်းအတိုင်းသာ ဖြစ်ပါတယ်' အီရန်နိုင်ငံခြားရေးဝန်ကြီး မန်နူချာမော့တာကီနှင့် News Weeks မဂ္ဂဇင်းတို့တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ အီရန်က အမေရိကန်နှင့်ဆွေးနွေးရန် အကြောင်းနှစ်ချက်ရှိ၊ စင်ကာပူက အောင်မြင်မှုကို ဘယ်လိုယူခဲ့သလဲ၊ အာဖဂန်သမ္မတ ကာဇိုင်း၏ ကိုယ်စားလှယ်များနှင့် တာလီဘန်တို့ ဆော်ဒီဘုရင်၏ ညစာစားပွဲတွင် လျှို့ဝှက်ဆွေးနွေး၊ နေသည်စက်ဝန်းပုံစံ လုံးလုံးကြီးမဟုတ်ဟု သိပ္ပံပညာရှင်တို့ဖော်ထုတ် စသည့် နိုင်ငံတကာထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ဖျော်ဖြေရေးကဏ္ဍများစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၉-၁၀-၂၀၀၈ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ တောင်တန်း သာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၀ ၅။ လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
- ၈း၀၀ ၆။ အာစရိယ ဝါဒပဋိသမ္ဘိဓာမဂ် မေတ္တာပို့ဓမ္မတေး (အထက-၄၊ တာမွေ ကျောင်းသူများ)
- ၈း၁၅ ၇။ တေးဂီတအစီအစဉ်
- ၈း၃၀ ၈။ International News
- ၈း၄၀ ၉။ **"သတိနဲ့ယှဉ် အသိနဲ့ပြင်" (အပိုင်း-၂) (ဝါးခယ်မ ရဲမောင်၊ ဘုန်းလျှံ၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး) (ဒါရိုက်တာ-မင်းအုပ်စိုး)**
- ၈း၅၀ ၁၀။ အဆိုပြိုင်ပွဲ
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၁၁း၅၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေမေ့မေတ္တာ ကုဋေကုဋာ" (အပိုင်း -၁၄)**
- ၁၂း၄၀ ၅။ Golf Magazine TV
- ၁း၀၀ ၆။ **မြန်မာရုပ်ရှင် "ဘယ်ရပ်ဌာနေ" (ရဲအောင်၊ မို့မို့မြင့်အောင်) (ဒါရိုက်တာ-မောင်နန္ဒ)**
- ၂း၅၀ ၇။ International News
- ၃း၀၀ ၈။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာတေးသံသာ
- ၄း၂၅ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
- ၄း၃၀ ၅။ **"အသိစိတ်ကလေး အရင်းတည်၍" (ဖြိုးငွေစိုး၊ ထက်ရှား၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကြည်စိုး)**
- ၄း၄၀ ၆။ အဆိုပြိုင်ပွဲ
- ၄း၅၀ ၇။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ(ရူက္ခဗေဒ အထူးပြု) (ရူက္ခဗေဒ)
- ၅း၀၀ ၈။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၅း၁၀ ၉။ တေးဂီတအစီအစဉ်
- ၅း၂၀ ၁၀။ ဆိုကြမယ်ပျော်ကြမယ်
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၂၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၅ ၁၃။ ကာတွန်းအစီအစဉ်
- ၆း၅၅ ၁၄။ တစ်မျက်နှာ၊ တစ်ကွက်စာ
- ၇း၁၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သံယောဇဉ် နှောင်ကြိုး" (အပိုင်း-၆)**
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လူယောင်ဆောင်သော ရွှေငါးနတ်သမီးလေး" (အပိုင်း-၃၂) (ဇာတ်သိမ်းပိုင်း)**
- ၂၀။ အစီအစဉ်ပြီး၏။

# ရောဝတီတိုင်း ကိုယ်စားပြု ရောလှိုင်း ရုပ်စုံသဘင်အဖွဲ့ ဒုတိယနေ့အဖြစ် ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် အောက်တိုဘာ ၁၈**

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲကို ယနေ့ည ၇နာရီက ဒုတိယနေ့အဖြစ် နေပြည်တော်ရှိ ရွာတော် အမှတ်(၇) တည်းခိုရေးစခန်း သင်တန်းခန်းမဆောင်၌ ဆက်လက်ကျင်းပရာ ရောဝတီတိုင်း ကိုယ်စားပြု ရောလှိုင်း ရုပ်စုံသဘင်အဖွဲ့က "မဟာဗုဒ္ဓဝင် တောထွက်ခန်း" ခေါင်းစဉ်ဖြင့် မနောအကွက်ဆန်းထွင်ကာ စေတနာအနန္တဖြင့် မဟာဗုဒ္ဓဝင်တောထွက်ခန်းကို ပြကွက် ၁၃ကွက်နှင့် ယှဉ်ပြိုင်သည်။

ရောဝတီတိုင်း ကိုယ်စားပြု ရောလှိုင်း ရုပ်စုံသဘင်အဖွဲ့ကို ဟသ်ာတဦးကိုကိုကြီး ဇာတ်ညွှန်းရေးသား စီစဉ်ကြီးကြပ်၍ စင်တင်ဒါရိုက်တာ ဟသ်ာတဦးသန်းဝင်းနှင့် ဦးခင်ဝင်းတို့က ဆောင်ရွက်သည်။ သရုပ်ဆောင်ကကွက်ကြိုးဆွဲအဖြစ် ဂျာမနီပြန် ဦးစိုးမြင့် ခေါင်းဆောင်သောအဖွဲ့၊ အသံအဖွဲ့ ခေါင်းဆောင် ဦးအောင်စိုးမင်းနှင့်အဖွဲ့၊ သရုပ်ဖော်နောက်ခံဆိုင်းအဖွဲ့ ခေါင်းဆောင် ဦးစိန်ကျော်လွင်နှင့်အဖွဲ့တို့မှ ပံ့ပိုးဆောင်ရွက်ကြပြီး မိမိတို့တာဝန်ကျရာ အခန်းကဏ္ဍအား အကောင်းဆုံးဆောင်ရွက်ပြိုင်ပွဲဝင်သည်။

ယနေ့ည ယှဉ်ပြိုင်သော ရောဝတီတိုင်း ကိုယ်စားပြု ရောလှိုင်း ရုပ်စုံသဘင်အဖွဲ့အား ရုပ်စုံသဘင်အကဲဖြတ် ဥက္ကဋ္ဌ ဦးရဲဒွေး၊ အတွင်းရေးမှူး ဦးရွှေကြည်နှင့် ရုပ်စုံသဘင် အကဲဖြတ်အဖွဲ့များက အမှတ်ပေးအကဲဖြတ်ကြသည်။

အဆိုပါ ရောဝတီတိုင်း ကိုယ်စားပြု ရုပ်စုံသဘင်အဖွဲ့ကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုနှင့် ဇနီး၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့် ရုပ်စုံချစ် ပရိသတ်များက ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)





# လူငယ်အားမာန် မိုးယံဆီသို့ ခေါင်းစဉ်ဖြင့် မကွေးတိုင်းပြဇာတ်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်

**လူငယ်အားမာန် မိုးယံဆီသို့ ခေါင်းစဉ်ဖြင့် မကွေးတိုင်း ကိုယ်စားပြု ပြဇာတ်အဖွဲ့ပါဝင်ယှဉ်ပြိုင်စဉ်။**

(သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၁၈

**(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ပြဇာတ်ပြိုင်ပွဲများကို ယနေ့ညနေ၆နာရီခွဲတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ လူငယ်အားမာန် မိုးယံဆီသို့ ခေါင်းစဉ် ဖြင့် မကွေးတိုင်းပြဇာတ်အဖွဲ့က ဝင်ရောက်ယှဉ်ပြိုင်တင်ဆက်သည်။**

အဆိုပါပြိုင်ပွဲသို့ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ဒုတိယရွှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ တာဝန်ရှိသူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲဝင် မကွေးတိုင်းကိုယ်စားပြု ပြဇာတ်အဖွဲ့တွင် စီစဉ်ကြီးကြပ်သူ ဦးခင်မောင်သန်း(မကွေး)၊ ဒါရိုက်တာ စိန်ငွေးဝင်း (မော်ကွန်းသဘင်)၊ ဂီတမှူး စိန်ငွေးဝင်း၊ ရွာစားစိန်ထွန်းထွန်းဆိုင်းအဖွဲ့၊ ခေါင်းဆောင်မင်းသားအောင်ကိုကိုမင်း၊ ခေါင်းဆောင်မင်းသမီး နှင်းနုဝေနှင့် ဇာတ်ပို့ဇာတ်ရံများဖြစ်ကြသော မျိုးမင်းအောင်၊ လှရွှေစင်မင်းနှင့် အိအိဖြူတို့က မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် နတ်ကြီးအာရောကျေးရွာမှ လူငယ်များ၏ အားမာန်နှင့် ရပ်ကျိုး ရွာကျိုး၊ တိုင်းပြည်အကျိုး စွမ်းစွမ်းတမံ ဆောင်ရွက်ကြပုံများကို အခြေခံ၍ အနုပညာပြောင်မြောက်စွာ ယှဉ်ပြိုင်တင်ဆက်ကြသည်။ (သတင်းစဉ်)

## ❐ မိတ္ထီလာလွင်ပြင်မှ

အဆိုပါ မုန်တိုင်ဆည်ကို ရေကူရန်နှင့်သဲနုန်းကျဆင်းမှု၊ ရေ ကြီးမှုတို့ကို လျှော့ပါးစေရန် နိုင်ငံတော်က ရှမ်းမငယ်ရေလှောင်တမံကိုတည်ဆောက်ပေးခဲ့ပြန်သည်။ ရှမ်းမငယ်ရေလှောင်တမံသည် မိတ္ထီလာမြို့နယ် ကျောက်ပန်းတောင်းသွားကားလမ်း မြောက်ဘက် တစ်မိုင်ခွဲခန့်တွင်ရှိသည်။ ရှမ်းမငယ်ရေလှောင်တမံသည် မုန်တိုင်ဆည်သို့ ရေကူပေးမည့်ရေလှောင်တမံဖြစ်ပြီး မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေးအတွက် အထောက်အကူပြုလျက်ရှိသည်။

### စိုက်ပျိုးရေရ

ထို့အပြင် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်စေရန်အတွက် မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းမှ အတွင်းဘက်လေးမိုင်တွင် ညောင်ကုန်းရေလှောင်တမံ၊ ပျော်ဘွယ်မြို့နယ် လွန်းငင်ကျေးရွာအနီးတွင် လွန်းငင်ရေလှောင်တမံ၊မိတ္ထီလာမြို့နယ် လက်ခုတ်ပင်ကျေးရွာအနီးတွင် လက်ခုတ်ပင်ရေလှောင်တမံတို့ကို တည်ဆောက်ပေးထားသည်။ ပျော်ဘွယ်မြို့နယ်တွင် ချောင်းကောက်ရေလှောင်တမံကိုလည်း တည်ဆောက်ပေးထားသည်။ ထိုတမံမှ ပိုလျှံသောရေပမာဏ ဧကပေ ၁၀၀၀၀ခန့်ကို မိတ္ထီလာကန်ကြီးအတွင်းရေဖြည့်တင်းပေးသည်။ မိတ္ထီလာပြည်သူများ သောက်သုံးရေနှင့် စိုက်ပျိုးရေများပိုမိုရလာသည်။

ထပ်မံ၍ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် မန္တလေးတိုင်း မိတ္ထီလာ - ကျောက်ပန်းတောင်းလမ်း တောင်ဘက် ၁၀မိုင်တွင်တည်ဆောက်ပေးထားသော ကျောက်တံခါးရေလှောင်တမံသည် ကျောက်ပန်းတောင်းမြို့နယ် တယ်ပင်တဲကျေးရွာအနီးရှိ တောင်ရေ ရေလှောင်တမံသို့ ရေကူမြောင်းဖြင့်ဆက်သွယ်ပြီး ကြက်မောက်တောင်ဆည်သို့ ရေကူပေးထားပြန်သည်။ ထိုသို့မန္တလေးတိုင်းအတွင်း ဆည်တမံများ အဆင့်ဆင့် တည်ဆောက်ဆက်သွယ်၍ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးကိုနိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့်ဆောင်ရွက်နိုင်ခဲ့ရာ မိတ္ထီလာလွင်ပြင်တွင် စပါးနှင့် အခြားသောသီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်လျက်ရှိသည်။

ထို့မျှနှင့် အားမရ၊ နိုင်ငံတော်အစိုးရက မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်စေရန် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ရေလှောင်တမံကြီးများ တည်ဆောက်၍ ရေသွယ်အဆင့်ဆင့်ကူးပြောင်းစေပြီး အကောင်အထည်ဖော်နေပြန်သည်။ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်တွင် မြို့ကြီးရေလှောင်တမံကို တည်ဆောက်လျက်ရှိသည်။

မြို့ကြီးရေလှောင်တမံသို့သွားရောက်လေ့လာရာတွင် မိတ္ထီလာဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၇)မှ စီစဉ်ဆောင်ရွက်ပေးသည်။ ဟန်မြင့်မိုလမ်းခွဲမှ အရှေ့ဘက် ရွာငံမြို့နယ် မြို့ကြီးရွာအနီးတွင် မြို့ကြီးရေလှောင်တမံ တည်ဆောက်နေသည့် နယ်မြေရှိသည်။ ရေလှောင်တမံ စီမံကိန်းတွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းထွဋ်၊ လက်ထောက်အင်ဂျင်နီယာ ဦးစံမင်းထွန်း၊ ဦးစီးမှူး ဦးမြင့်ဆွေနှင့် လက်ထောက် အင်ဂျင်နီယာ ဦးတိုးဝင်း (ရေလွှဲဆည်)တို့နှင့် တွေ့ဆုံခဲ့ပြီး မြို့ကြီးရေလှောင်တမံနှင့် ပတ်သက်သည့် အချက်အလက်များကို အသေးစိတ်ရှင်းလင်းပြသကြသည်။

မြို့ကြီးရေလှောင်တမံ တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်သည် တည်ဆောက်ပြီးသော ဇော်ဂျီရေလှောင်တမံမှ ထုတ်လွှတ်ရေနှင့် မြို့ကြီးရေလှောင်တမံအထက်ဘက် ရေဆင်းဧရိယာများ စီးဆင်းရေများအား ထိန်းချုပ်သိုလှောင်နိုင်ရေးအတွက် မြို့ကြီးရေလှောင်တမံကို တည်ဆောက်ရပြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ဇော်ဂျီရေသောက်စနစ်သို့ ရေပမာဏ ဧကပေ ၅၀၀၀၀၀ ခန့်၊ မိတ္ထီလာလွင်ပြင်ဒေသသို့ ရေပမာဏ ဧကပေ ၄၀၀၀၀၀ ခန့်ကို ချထားပေးလွှတ်ရန်နှင့် ရေအားလျှပ်စစ် ၂×၁၅ မဂ္ဂါဝပ် ထုတ်လွှတ်ပေးရန်ဖြစ်သည်။

ထို့နောက် ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်တွင် တည်ဆောက်နေသော ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်းကိုလည်း ဆက်လက်လေ့လာဖြစ်သည်။ ထိုတမံသည် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအထောက်အကူပေးမည့် စီမံကိန်းတစ်ခုဖြစ်သည်။ လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးဦးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးသန်းဦးတို့က ကျိုင်းခမ်းရေလှောင်တမံ တည်ဆောက်ရေး အဆင့်ဆင့်တို့ကို ပဏာမရှင်းလင်းပြသကြသည်။ ထို့နောက် ဦးစီးမှူး ဦးတင်အောင်မြတ်လိုက်ပါ၍ ကျိုင်းခမ်းရေလှောင်တမံတည်ဆောက်နေသည့် နယ်မြေသို့ သွားရောက် ကွင်းဆင်းလေ့လာခဲ့သည်။ ထို့နောက် ကျိုင်းခမ်းလမ်းအတိုင်း လာခဲ့ရာ ကျိုင်းခမ်းရေလှောင်တမံ တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိခဲ့သည်။ ရပ်စောက်မြို့နယ်ရှိ ကျိုင်းခမ်းရေလှောင်တမံသည် နမ့်အက်ချောင်းကို ပိတ်ထားခြင်းဖြစ်သည်။ နမ့်အက်ချောင်းသည် ဟိုပုန်းမြို့နယ်မှ စီးဆင်းလာပြီး ဒုဋ္ဌဝတီမြစ်ထဲသို့ စီးဝင်သည်။ ကျိုင်းခမ်းရေလှောင်တမံ တည်ဆောက်ခြင်းဖြင့် မိတ္ထီလာလွင်ပြင်တစ်ခုလုံး ပိုမိုစိမ်းလန်းစိုပြည်လာစေပြီး သီးနှံများ အပြည့်အဝ ပိုမိုစိုက်ပျိုးလာနိုင်မည်ဖြစ်သည်။ ထို့ပြင်ဒေသအတွက် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လွှတ်ပေးနိုင်ပြီး နန့်မေလျန်ချောင်းမှ တစ်ဆင့် ရေကူဖြည့်တင်းပေးနိုင်မည်ဖြစ်သည်။

ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်းဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း စိုက်ပျိုးမြေသို့ ဆည်ရေပေးဝေ နိုင်ခြင်း၊ ရေအားလျှပ်စစ် ထုတ်လွှတ်ပေးနိုင်ခြင်း၊ မြို့ကြီးရေလှောင်တမံမှလည်း ကျောက်ဆည်ခရိုင် ရေသောက်စနစ်သို့ ဆည်ရေပို့လွှတ်နိုင်ခြင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လွှတ် ပေးနိုင်ခြင်းနှင့် မိတ္ထီလာလွင်ပြင်ဒေသတစ်ဝန်းလုံး ရေဧကပေ ၄၀၀၀၀၀ ခန့် အဆင့်ဆင့် ရေပေးဝေနိုင်ခြင်းတို့ကြောင့် မိတ္ထီလာလွင်ပြင်ဒေသ လူမှုစီးပွားဖွံ့ဖြိုးလာမည့် အကျိုးဆက်များ ရရှိခံစားကြရတော့မည် ဖြစ်ကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။

**ကျိုင်းခမ်းရေလှောင်တမံ၏ ပြီးစီးခဲ့သော တမံအစိတ်အပိုင်းကို တွေ့ရစဉ်။**



## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၉-၁၀-၂၀၀၈ (တနင်္ဂနွေနေ့)**

### နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
၈း၁၅ ၁၁။အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ပြီးပါပြီ။

### နေ့လယ်ပိုင်း

၁၂း၀၀ ၁။မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၃၀ ၄။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင်
**နားခိုရာ အိမ်ကလေး**
၁း၅၀ ၅။ အမျိုးသားရေး တေးကဗျာ
၁း၅၅ ၆။ အပိတ်နှုတ်ဆက်စကား
၂း၀၀ ၇။ ပြီးပါပြီ။

### ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၂၀ ၅။ စည်းကမ်းလိုက်နာ ဘေးကင်းကွာ
၄း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၈။ သံစဉ်များနဲ့ကမ္ဘာ
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ အမျိုးသားရေး တေးကဗျာ
၆း၃၅ ၁၂။ ကမ္ဘာ့အံ့ဖွယ်မျက်လှည့် ပညာရှင်များ
၆း၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -သံယောဇဉ်နှောင်ကြိုး (အပိုင်း-၁၆)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေး တေးကဗျာ
၁၈။ ပဟေဠိနန်းတော်
၁၉။ ကျန်းမာသုတ
၂၀။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ အပိုင်း(၃)
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း - ရွှေမင်းသမီးရဲ့ဖူးစာ (အပိုင်း-၁၆)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

# ချယ်လ်ဆီးတို့ မစ်ဒယ်ဘရောကို ဂိုးပြတ်သွင်း ဇယားထိပ်၌ဆက်လက်ဦးဆောင်

လန်ဒန် အောက်တိုဘာ ၁၈

**ယနေ့ညတွင် ပရီမီယာလိဂ်ပွဲစဉ်(၈)၏ ပထမပွဲစဉ်အဖြစ် မစ်ဒယ်ဘရောနှင့် ချယ်လ်ဆီးတို့ ယှဉ်ပြိုင်ကစားခဲ့သည်။ ယနေ့ပွဲတွင် ဇယားထိပ်မှ ချယ်လ်ဆီးတို့သည် လူမစုံသော်လည်း အဝေးကွင်းတွင် အိမ်ရှင် မစ်ဒယ်ဘရောကို ငါးဂိုး-ဂိုးမရှိဖြင့် သက်သောင့်သက်သာ ကစားကာ အနိုင်ရရှိသွားသည်။**

**ပထမပိုင်း**

တိုက်စစ်မှူးဒရော့ဘာဒဏ်ရာကြောင့် ပါဝင်နိုင်ခြင်းမရှိသည့် ချယ်လ်ဆီးရှေ့တန်းတွင် အနယ်လ်ကာနှင့် ကာလူးတို့တွဲ၍ ပွဲထွက်လာခဲ့သည်။ ပထမပိုင်း စသည်နှင့် ချယ်လ်ဆီးတို့သည် အိမ်ရှင်အပေါ် ဖိအားပေးနိုင်ခဲ့သည်။ ထို့ကြောင့် ပွဲချိန် ၁၄မိနစ်တွင် ဘယ်ခြမ်းမှ ဝိန်းဘရစ်ချ် ဂိုးရှေ့ထိုးပေးသော ဘောလုံးကို ကွင်းလယ်လူ ဘလက်တီကန်သွင်းရာ မစ်ဒယ်ဘရော့ နောက်ခံလူနှင့် ထိပြီး ထွက်လာသည့် ဘောလုံးကို တိုက်စစ်မှူး ကာလူးက အပိုင်ပိတ်သွင်းယူနိုင်ခဲ့သည်။ ထို့နောက်ပိုင်းတွင် ချယ်လ်ဆီးတို့ အကြိမ်ကြိမ် ဂိုးသွင်းခွင့်များ ရရှိခဲ့သော်လည်း တစ်ဂိုး-ဂိုးမရှိဖြင့်သာ ပထမပိုင်း ပြီးခဲ့သည်။

**ဒုတိယပိုင်း**

ဒုတိယပိုင်းတွင်လည်း ချယ်လ်ဆီးတို့ အိမ်ရှင်အပေါ် အသာစီးမှ ကစားသွားနိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် ချယ်လ်ဆီးအတွက် ဂိုးများကို ပွဲချိန် ၅၁မိနစ်တွင် ဘလက်တီ၊ ၅၃မိနစ်တွင် ကာလူး၊ ၆၃မိနစ်တွင် လမ်းပတ်နှင့် ၆၇မိနစ်တွင် မာလူဒါတို့က အသီးသီးဂိုးသွင်းယူခဲ့ကြသည်။ ယခုပွဲနိုင်လိုက်ခြင်းကြောင့် ချယ်လ်ဆီးတို့သည် ပွဲစဉ်(၈)အပြီး၌ ဇယားထိပ်တွင်ပင် ဆက်လက်ဦးဆောင်နေဦးမည်ဖြစ်သည်။

**အာဆင်နယ်တို့နိုင်ပွဲပြန်ရ**

ပရီမီယာလိဂ်တွင် နှစ်ပွဲဆက်တိုက်နိုင်ပွဲပျောက်ခဲ့သည့် အာဆင်နယ်သည် ယနေ့ပွဲတွင် အိမ်ကွင်း၌ အဲဗာတန်ကို သုံးဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အဲဗာတန်အတွက် ဦးဆောင်ဂိုးကို ပထမပိုင်းကိုးမိနစ်တွင် အိုစမန်က သွင်းယူခဲ့ပြီး အာဆင်နယ်အတွက် ဂိုးများကို ဒုတိယပိုင်း ၄၈ မိနစ်တွင် နာဆရီ၊ မိနစ် ၇၀ တွင် ဗန်ပါစီနှင့် မိနစ် ၉၀ တွင် ဝေါလ်ကော့ တို့က သွင်းယူခဲ့သည်။

ပရီမီယာလိဂ် ပွဲစဉ်(၈)၏ အခြားပွဲစဉ်ရလဒ်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

**လီဗာပူး ၃-၂ ဝီဂန်**
**ဘော်လ်တန် ၀-၀ ဘလက်ဘန်း**
**ဖူလ်ဟမ် ၀-၀ ဆန်းဒါးလန်း**
**ဗီလာ ၀-၀ ပို့စ်မောက်**
**မန်ယူ ၄-၀ ဝက်စ်ဘရွန်း**

**ဝင်းတင်(ကြေးမုံ)**



# ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး (၅၅)ကြိမ်မြောက် မိသားစုဘုံကထိန်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၈**

ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး (၅၅)ကြိမ်မြောက် မိသားစုဘုံကထိန်ကို ယနေ့နံနက် ၉နာရီခွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန ကန်ဦးပရိယတ္တိစာသင်တိုက် ဓမ္မာရုံ(ရေဆင်းရွာ)၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်နှင့် ဇနီး ဒေါ်နုနုဆွေ၊ ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ အမှူးပြုသော ကန်ဦးပရိယတ္တိစာသင်တိုက်မှ ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူးဗိုလ်ချုပ်လှအောင်သိန်း၊ ဇနီးဒေါ်အေမီခိုင်နှင့် စခန်းမှူးရုံးမှ အရာရှိ အရာခံ၊ အကြပ် စစ်သည်နှင့် မိသားစုများ တက်ရောက် ကြည်ညိုကြသည်။ (သတင်းစဉ်)

**ကာကွယ်ရေး ဝန်ကြီးဌာန စခန်းမှူးရုံး (၅၅)ကြိမ်မြောက် မိသားစုဘုံကထိန်တွင် အလှူရှင်များလှူဒါန်းသည့် လှူဖွယ်ပစ္စည်း ပဒေသာပင်များကို တွေ့ရစဉ်။**
(သတင်းစဉ်)

# ၂၀၀၈ခုနှစ် အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ သြစတြေးလျအသင်းက မြန်မာအသင်းကို အနိုင်ရရှိ

**ရန်ကုန် အောက်တိုဘာ ၁၈**

၂၀၀၈ခုနှစ် အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲများကို ယနေ့ညနေပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ ဒုတိယအကြိုဗိုလ်လုပွဲတွင် လက်ရှိချန်ပီယံမြန်မာ့လက်ရွေးစင်အမျိုးသမီး ဘောလုံးအသင်းနှင့် သြစတြေးလျအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သြစတြေးလျအသင်းက ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ပထမ အကြိုဗိုလ်လုပွဲတွင် အိမ်ရှင် ဗီယက်နမ်အသင်းက ထိုင်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အောက်တိုဘာ ၂၀ရက် ညနေပိုင်းတွင် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ တတိယလုပွဲအဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယင်းနေ့တွင် ဗိုလ်လုပွဲအဖြစ် အိမ်ရှင်ဗီယက်နမ်အသင်းနှင့် သြစတြေးလျအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# သန်လျင်ဂေါက်ကလပ်၌ တစ်ချက်တည်းကျင်းဝင်

**ရန်ကုန် အောက်တိုဘာ ၁၈**

ဦးမောင်ဇော်သည် သန်လျင်ဂေါက်ကလပ်၌ ဂေါက်သီးရိုက် ကစားစဉ် ကျင်းအမှတ်(၁၇)သို့ ၁၀၁ ကိုက်အကွာမှ Titliest Pro V1 N0.(1) ဘောလုံးအား SRIXON AW တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ထိုအချိန်တွင် ကစားဖော်များ ဖြစ်ကြသော ဦးမောင်မောင်၊ ဦးသန်းဝင်း၊ ဦးခင်ဇော်၊ ဦးအောင်ကျော်ဦးတို့နှင့် အတူကစားခဲ့ကြောင်း သိရသည်။ (၅၂၇)

# အကြိမ်(၄၀)မြောက် မာဒေးကားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ မြန်မာအသင်းက ဘင်္ဂလားဒေ့ရှ်အသင်းကို အနိုင်ရရှိ

**ရန်ကုန် အောက်တိုဘာ ၁၈**

၂၀၀၈ခုနှစ် အကြိမ်(၄၀)မြောက် မာဒေးကားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ဒေသစံတော်ချိန် ၈နာရီ ၄၅မိနစ်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပသည်။

ပြိုင်ပွဲတွင် (ခ)အုပ်စုမှ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းနှင့် ဘင်္ဂလားဒေ့ရှ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

မြန်မာအသင်းအတွက် အနိုင်ဂိုးကို ပထမပိုင်း ၂၄မိနစ်တွင် စိုးမြတ်မင်းက သွင်းယူနိုင်ခဲ့သည်။ အောက်တိုဘာ ၂၀ရက် ညနေပိုင်းတွင်မြန်မာအသင်းနှင့် မိုဇမ်ဘစ် (Mozambuque) အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# တစ်ပြည်လုံးတွင် အများအားဖြင့် မိုးလျော့နည်းမည်

ရန်ကုန် အောက်တိုဘာ ၁၈

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကျဲကျဲ၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မိုးကုတ်မြို့တွင် ၁ ဒသမ ၀၆ လက်မ၊ ရေးမြို့တွင် ၁ ဒသမ ၀၃ လက်မနှင့် ကော့သောင်းမြို့တွင် ၀ ဒသမ ၇၅ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**အောက်တိုဘာ ၁၉ရက် ညနေထိ ခန့်မှန်းချက်။** ။ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက် အတွက်ခန့်မှန်းချက်။** ။တစ်ပြည်လုံးတွင် အများအားဖြင့် မိုးလျော့နည်းမည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၃၄ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၉၃ ဒီဂရီဖာရင်ဟိုက်) ၁၇-၁၀-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၂၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၇၂ ဒီဂရီဖာရင်ဟိုက်) ၁၈-၁၀-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၇၉ ရာခိုင်နှုန်း ၁၈-၁၀-၂၀၀၈

နေပူသည့်နာရီပေါင်း ၇ ဒသမ ၂ နာရီခန့် ၁၇-၁၀-၂၀၀၈

**မိုးရေချိန်**

| **ရက်စွဲ** | **မင်္ဂလာဒုံ** | **ကမ္ဘာအေး** | **ရန်ကုန်မြို့လယ်** |
|---|---|---|---|
| ၁၈-၁၀-၂၀၀၈ | မရှိပါ | မရှိပါ | မရှိပါ |
| ၁-၁-၂၀၀၈မှ | ၂၅၆၂ မမ | ၂၈၅၆မမ | ၃၃၂၈မမ |
| ယနေ့အထိ | (၁၀၀ဒသမ၈၇လက်မ) | (၁၁၂ဒသမ ၄၄လက်မ) | (၁၃၁ဒသမ၀၂လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၇-၁၀-၂၀၀၈ ရက် ၁၄း၃၀နာရီတွင် မြောက်ဘက်မှ တစ်နာရီ ၁၈ခြောက်မိုင်နှုန်းတိုက်ခတ်သည်။

# လုယက်မှုကျူးလွန်သူများအား ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံးမှ ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် အောက်တိုဘာ ၁၈

**မင်္ဂလာတောင်ညွန့်မြို့နယ် ပါဝါလိုက်စားသောက်ဆိုင်အနီး၌ အမျိုးသမီးတစ်ဦးထံမှ ရွှေငွေနှင့် ဂျီအက်(စ်)အမ် ဖုန်းတို့အား လုယူထွက်ပြေးသူ တရားခံလေးဦးကို ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး ဒုစရိုက် နှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များက အောက်တိုဘာ၃ရက်တွင် သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။**

ဖြစ်ပွားပုံမှာ စက်တင်ဘာ ၃၀ရက် ည၈နာရီခန့်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်/နောက် ရပ်ကွက်နေ မရီရီအောင်သည် ခင်ပွန်းဖြစ်သူနှင့်အတူ သိမ်ဖြူလမ်းငါးခွဆုံမှ ကန်ပတ်လမ်းအတိုင်း နေအိမ်သို့လမ်းလျှောက်ပြန်လာရာ ပါဝါလိုက်စားသောက်ဆိုင်အနီးအရောက် လူငယ်လေးဦးရောက်ရှိလာကာ မရီရီအောင်အား ဓားဖြင့်ထောက်၊ တုတ်ဖြင့်ရိုက်ပြီး မရီရီအောင် ဝတ်ဆင်ထားသော ရွှေဆွဲကြိုး(စိန်လော့ကတ်)ပါတစ်ကုံး၊ ရွှေဟန်းချိန်းတစ်ခု၊ ဆမ်ဆောင်း ဂျီအက်(စ်)အမ် ဖုန်းတစ်လုံး၊ ငွေကျပ် ၆၅၀၀၀ နှင့်မှတ်ပုံတင်၊လိုင်စင်စာရွက်စာတမ်းများ စုစုပေါင်း ကျပ် ၁၂၁၅၀၀၀ကို လုယူထွက်ပြေးသွားခဲ့သဖြင့် မင်္ဂလာတောင်ညွန့်ရဲစခန်း၌ အမှုဖွင့်အရေးယူခဲ့ကြောင်း သိရှိရသည်။

အမှုအား အမြန်ဆုံးဖော်ထုတ်နိုင်ရေးအတွက် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး ဒုစရိုက်နှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူမှာ အမှတ်(၁၇၄)၊ ရွှေနှင်းဆီလမ်း၊ (၅၅) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နေ မင်းဒင်လေး(ခ)ဇင်သူဖြစ်ကြောင်းသတင်းရရှိသဖြင့်မင်းဒင်လေး(ခ)ဇင်သူ၏ နေအိမ်အား ဝင်ရောက်ဖမ်းဆီးရာ မင်းဒင်လေး(ခ) ဇင်သူအပြင် ပူးတွဲပါဝင်ကျူးလွန်သူ ပြည့်စုံ(၁၉)နှစ်၊ (၇၀) ရပ်ကွက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ထွန်းထွန်းဝင်း(ခ)ဘိုစု (၂၀)နှစ် (၇၀) ရပ်ကွက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် အောင်သန်းကို (၂၂)နှစ် (၇၀) ရပ်ကွက် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တို့ကိုပါ ဖမ်းဆီးရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူ မင်းဒင်လေး(ခ) ဇင်သူ၊ ပြည့်စုံ၊ ထွန်းထွန်းဝင်း(ခ) ဘိုစုနှင့်အောင်သန်းကိုတို့ကိုစစ်မေးရာ ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံထွက်ဆိုပြီး မင်းဒင်လေး (ခ) ဇင်သူထံမှ စိန်လော့ကတ်တစ်ခု၊ ဆမ်ဆောင်း ဂျီအက်စ်အမ် ဖုန်းကတ်ပါတစ်လုံးကိုလည်းကောင်း၊ရွှေဟန်းချိန်းကို ရွှေဘုံသာလမ်းမှ လည်းကောင်း၊ ရွှေဆွဲကြိုးကို စံပြဈေးမှလည်းကောင်း ပြန်လည် သိမ်းဆည်းနိုင်ခဲ့သည်။ ပြစ်မှုကျူးလွန်သူ လေးဦးအား မင်္ဂလာတောင်ညွန့်ရဲစခန်းမှ ဆက်လက်စစ်ဆေးလျက်ရှိကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

**တရားခံ မင်းဒင်လေး (ခ) ဇင်သူ၊ ပြည့်စုံ၊ အောင်သန်းကို၊ ထွန်းထွန်းဝင်း (ခ) ဘိုစု တို့အား သက်သေခံပစ္စည်းများနှင့်အတူတွေ့ရစဉ်။**
(သတင်းစဉ်)



အတည်ပြုချိန် ၃း၅၀



## အားမာန်အပြည့်ဖြင့် ပြန်လည်နိုးထလာသော ဧရာဝတီတိုင်းက ဖျာပုံမြို့

**သတင်းဆောင်းပါး - မောင်မောင်ထွေး(သတင်းစဉ်)၊ ဓာတ်ပုံ - လှမိုး(သတင်းစဉ်)**

မိမိတို့သတင်းအဖွဲ့သည် လေဘေးသင့် ဧရာဝတီတိုင်း ဖျာပုံမြို့၏ ဒေသဖွံ့ဖြိုးတိုးတက်မှုများနှင့် ပုံမှန်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုလေ့လာရန်နှင့် သတင်းဆောင်းပါးများ ရေးသားရန် ဖျာပုံမြို့သို့ ထပ်မံရောက်ရှိခဲ့ကြပြန်ပါသည်။

ဒေးဒရဲမြို့နှင့် ဖျာပုံမြို့သည် ၁၇ မိုင် ခန့်ဝေးပြီး လမ်းဘေးဝဲ/ယာတစ်လျှောက်ရှိ စပါးခင်းတို့မှာ တချို့က မြရောင်လွှမ်းလျက်၊ တချို့က ရွှေဝါရောင်သန်းလျက် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကို တွေ့မြင်ရသည်။

ကျေးလက်၏ စီးပွားရေးဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများအပြင် မွေးမြူရေးလုပ်ငန်းများဖြစ်သော ဝက်၊ ကြက်၊ ဆိတ်၊ ဘဲ၊ ငါးမွေးမြူရေး **စာမျက်နှာ ၉ ကော်လံ ၁ သို့ ▲**

**စပါးခင်းများ**

**မြရောင်၊ရွှေရောင်လွှမ်းလျက်ရှိသော စပါးခင်းများကို ဖျာပုံမြို့နယ်အတွင်း ဤသို့ တစ်မျှော်တစ်ခေါ် တွေ့ရသည်။**



**မီးခိုးတလူလူဖြင့် ဆန်စက်များကို လှမ်းတွေ့ရစဉ်။**

*** ရင်သွေးငယ်များ ကျန်းမာဖို့ အကောင်းဆုံးသည် မိခင်နို့။**

*** မိခင်နို့ဖြင့် မလုံလောက်လျှင် နွားနို့၊ဆိတ်နို့ အသုံးဝင်။**

*** အစဉ်ကျိုချက် တိုက်ကျွေးပေး အသင့်မြတ်ဆုံး ကျန်းမာရေး။**

ကြေးမုံ The Mirror အင်တာနက် ကျန်းမာရေးသတင်း

## မိုဘိုင်းဖုန်း ကြာရှည်စွာသုံးစွဲမှုကြောင့် သုံးစွဲသူ၏မျက်နှာတွင် အရေပြားရောဂါရရှိနိုင်

လက်ကိုင် မိုဘိုင်းဖုန်းများသည် ကျန်းမာရေးအတွက် မသင့်လျော်ကြောင်းအဆိုသည် ထိတ်လန့်စရာဖြစ်သွားခဲ့လျှင်ပင် မိုဘိုင်းဖုန်းကို စွဲစွဲလမ်းလမ်း **စာမျက်နှာ ၉ ကော်လံ ၁ သို့❖**

**ယွန်းထည်ပစ္စည်းများကို အချောသပ် လုပ်ကိုင်နေစဉ်။**



## ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်နေသည့် မြန်မာ့ရိုးရာလက်မှုပညာ ယွန်းထည်ပစ္စည်းများ

**သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)**

မြန်မာနိုင်ငံသည် သဘာဝအလှအပရှုခင်းများ ပေါများသော နိုင်ငံတစ်နိုင်ငံဖြစ်သကဲ့သို့ ဒေသအလိုက် ထွက်ကုန်များ၊ လက်မှုအတတ်ပညာအမျိုးမျိုးတို့ဖြင့် နာမည်ကျော် လူသိများလှသည်။ မြန်မာနိုင်ငံရှိ ဒေသအသီးသီးတို့တွင် ရိုးရာလက်မှုထုတ်ကုန်များ၊ ဒေသထွက် စားသောက်ကုန်များ များစွာရှိပေသည်။ ယင်းထဲတွင် ပုဂံ-ညောင်ဦးဒေသရှိ မြန်မာ့လက်မှုပညာထုတ်ကုန်တစ်ခုဖြစ်သော ယွန်းထည်မှာ နာမည်ကြီးလှသည်။ ပုဂံ-ညောင်ဦးဒေသတွင် ယွန်းထည်အပါအဝင် လက်မှုပညာအမျိုးမျိုးဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများလည်းရှိသည်။ ယွန်းထည်ပစ္စည်းများမှာ ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်သည့် လက်မှုပညာဖြစ်ပြီး ပုဂံဒေသသို့ လာရောက်လည်ပတ်သူများမှာလည်း လက်မှုပစ္စည်းအရောင်းဆိုင်ကို သွားရောက်ကာ လေ့လာကြသည်။ ပြီးလျှင် အမှတ်တရ ဝယ်ယူသွားကြသည်သာဖြစ်သည်။

မြန်မာ့ ယွန်းထည်ပစ္စည်းများကို ပုဂံခေတ်ကတည်းကပင် သုံးစွဲမှုများရှိခဲ့ပြီး ပုဂံ-ညောင်ဦး ဒေသနေသူများမှာလည်း ယွန်းထည်လုပ်ငန်းကို မိရိုးဖလာ လုပ်ကိုင်လျက်ရှိသည်။ ယွန်းထည်လုပ်ငန်းကို **စာမျက်နှာ ၉ ကော်လံ ၁ သို့ ✾**



**ရောင်းတမ်းဝင် ယွန်းထည်ပစ္စည်းများ ရရှိလာရန် အဆင့်ဆင့် ပြုလုပ်နေကြစဉ်။**